Washington Office of Superintendent of
PUBLIC INSTRUCTION

# ကျောင်းသားများနှင့် ၎င်းတို့၏မိသားစုများအတွက် အထူးပညာရေး လုပ်ထုံးလုပ်နည်းဆိုင်ရာ

၂၀၂၃

# ကျောင်းသားများနှင့် ၎င်းတို့၏မိသားစုများအတွက် အထူးပညာရေး လုပ်ထုံးလုပ်နည်းဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများ အကြောင်းကြားစာ

မသန်စွမ်းသူများ ပညာရေးအက်ဥပဒေ၊ ဗဟိုအစိုးရ စည်းမျဉ်းများနှင့် အထူးပညာရေးကို လွှမ်းမိုးထိန်းချုပ်သော ပြည်နယ်စည်းမျဉ်းများ၏ အပိုင်း ခအရ သတ်မှတ်ချက်များ

**အောက်တိုဘာလ ၂၀၂၃**

**Dr. Tania May**
**အထူးပညာရေး၏ လက်ထောက်ကြီးကြပ်သူ**

**ပြင်ဆင်ရေးဆွဲသူ -**

- **အထူးပညာရေး**
  speced@k12.wa.us | 360-725-6075

Washington Office of Superintendent of
**PUBLIC INSTRUCTION**

# မာတိကာဇယား


အထွေထွေ အချက်အလက်များ.....6
လုပ်ထုံးလုပ်နည်းဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများ အကြောင်းကြားစာ.....6
ကြိုတင်ရေးသားထားသော အကြောင်းကြားစာ.....7
မိခင်ဘာသာစကား.....8
အီးလက်ထရွန်းနစ်မေးလ်.....8
မိဘ၏သဘောတူညီချက် - အဓိပ္ပာယ်ဖွင့်ဆိုချက်.....9
မိဘ၏သဘောတူညီချက် - သတ်မှတ်ချက်များ.....9
- ကနဦး အကဲဖြတ်စစ်ဆေးခြင်းအတွက် သဘောတူညီချက်.....9
- ပြည်နယ်၏ အအုပ်ထိန်းခံကလေးများအား ကနဦး အကဲဖြတ်စစ်ဆေးခြင်းအတွက် အထူးစည်းမျဉ်း.....10
- ကနဦးဝန်ဆောင်မှုများအတွက် မိဘသဘောတူညီချက်နှင့် ဆက်ပေးသည့် ဝန်ဆောင်မှုများအတွက် သဘောတူညီချက် ပြန်လည်ရုပ်သိမ်းခြင်း.....10
- ပြန်လည်အကဲဖြတ်စစ်ဆေးခြင်းအတွက် မိဘ၏ သဘောတူညီချက်.....12
- မိဘ၏ သဘောတူညီချက် ရရှိရန် ကျိုးကြောင်းသင့်လျော်သော အားထုတ်မှုများအား မှတ်တမ်းတင်ခြင်း.....12
- အခြားသဘောတူညီချက် အချက်အလက်များ.....13
လွတ်လပ်သော ပညာရေး အကဲဖြတ်မှုများ.....13
- အဓိပ္ပာယ်ဖွင့်ဆိုမှုများ.....13
- အများပြည်သူ ကုန်ကျစရိတ်ဖြင့် IEE သို့ မိဘအခွင့်အရေး.....14
- မိဘဦးဆောင်သော အကဲဖြတ်ချက်များ.....14
- အုပ်ချုပ်ရေး ဥပဒေတရားသူကြီးများ (ALJ) ၏ အကဲဖြတ်ချက်များအတွက် တောင်းဆိုမှုများ.....14
- ခရိုင်စံသတ်မှတ်ချက်များ.....14
အချက်အလက် လျှို့ဝှက်မှု အဓိပ္ပာယ်ဖွင့်ဆိုချက်များ.....15
မည်သူဖြစ်ကြောင်း ဖော်ထုတ်နိုင်သော.....15
မိဘများအတွက် အကြောင်းကြားစာ.....16
ဝင်ရောက်မှု အခွင့်အရေးများ.....16
- ဝင်ရောက်မှု မှတ်တမ်း.....17
- ကလေးတစ်ဦးထက်ပိုသော မှတ်တမ်းများ.....17
- အမျိုးအစားများနှင့် အချက်အလက် တည်နေရာများ စာရင်း.....17
- ဝန်ဆောင်ခများ.....17
မိဘ၏ တောင်းဆိုချက်ဖြင့် မှတ်တမ်းများ၏ ပြင်ဆင်ဖြည့်စွက်ချက်.....17
- ကြားနာခြင်း၊ ကြားနာခြင်း လုပ်ထုံးလုပ်နည်းများနှင့် ကြားနာမှု ရလဒ်များအတွက် အခွင့်အလမ်း.....18
မည်သူဖြစ်ကြောင်း ဖော်ထုတ်နိုင်သော အချက်အလက်များအား ထုတ်ဖော်ပြောဆိုခြင်းအတွက် သဘောတူညီချက်.....19
မည်သူဖြစ်ကြောင်း ဖော်ထုတ်နိုင်သော အချက်အလက်များအတွက် ကာကွယ်စောင့်ရှောက်မှုများ.....19
အချက်အလက်များအား ဖျက်ဆီးခြင်း၊ ဆက်လက်ထားရှိခြင်းနှင့် သိမ်းဆည်းခြင်း.....19
အထူးပညာရေး အငြင်းပွားမှု ပြေလည်အောင် ဖြေရှင်းပေးမှု လုပ်ထုံးလုပ်နည်းများ.....20
ဖျန်ဖြေခြင်း.....20
- အထွေထွေ.....20
- ဖျန်ဖြေပေးသူ၏ သမာသမတ်ကျမှု.....21
- ဖျန်ဖြေမှုများတွင် လက်လှမ်းမီသော သဘောတူညီမှုများ.....21
အထူးပညာရေး အသိုင်းအဝိုင်း တိုင်းကြားချက် စုံစမ်းစစ်ဆေးမှုများနှင့် ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုများအကြား ခြားနားချက်များ.....21

လူမှုအသိုင်းအဝိုင်း တိုင်ကြားချက် လုပ်ထုံးလုပ်နည်းများ ... 22
တိုင်ကြားချက် တင်သွင်းခြင်း ... 22
တိုင်ကြားချက် စုံစမ်းစစ်ဆေးမှုများ ... 23
စုံစမ်းစစ်ဆေးမှု၊ သက်တမ်းတိုးခြင်း၊ ရေးသားဆုံးဖြတ်ချက် ... 23
တိုင်ကြားချက် ကုစားမှုများ ... 24
အထူးပညာရေး လူမှုအသိုင်းအဝိုင်း တိုင်ကြားချက်များနှင့် ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုများ ... 24
ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု လုပ်ထုံးလုပ်နည်းများ ... 24
အထွေထွေ ... 24
တင်သွင်းခြင်း ... 25
ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်နှင့် ပတ်သက်သော ကြားနာမှု မတိုင်မီ လိုအပ်သည့် အကြောင်းကြားစာ ... 25
ကြားနာခြင်း တောင်းဆိုချက်၏ ပြည့်စုံလုံလောက်မှု ... 25
ကြားနာခြင်း တောင်းဆိုချက်၏ ပြင်ဆင်ဖြည့်စွက်ချက် ... 26
ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်အတွက် ခရိုင်တုံ့ပြန်ချက် ... 26
ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်အတွက် အခြားတစ်ဖက်အဖွဲ့၏ တုံ့ပြန်မှု ... 27
နမူနာပုံစံများ ... 27
ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုကို ဆိုင်းငံ့ထားစဉ် ကျောင်းသား နေရာချထားမှု ... 27
ပြေလည်အောင် ဖြေရှင်းပေးမှု လုပ်ငန်းစဉ် ... 28
ပြေလည်အောင် ဖြေရှင်းပေးမှု အစည်းအဝေး ... 28
ပြေလည်အောင် ဖြေရှင်းပေးမှုကာလ ... 29
ပြက္ခဒိန်ရက် ၃၀ ပြေလည်အောင် ဖြေရှင်းပေးမှုကာလတွင် ပြင်ဆင်ချက်များ ... 29
ရေးသားဖြေရှင်းရေး သဘောတူညီချက် ... 30
သဘောတူညီချက် စိစစ်ရေးကာလ ... 30
သမာသမတ်ကျသော ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု ... 30
အထွေထွေ ... 30
အုပ်ချုပ်ရေး ဥပဒေတရားသူကြီး (ALJ) ... 30
ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု၏ အကြောင်းအရာ ကိစ္စရပ် ... 31
ကြားနာမှုတောင်းဆိုခြင်းအတွက် အချိန်ကာလ ... 31
အချိန်ကာလအတွက် ခြွင်းချက်များ ... 31
ကြားနာမှု အခွင့်အရေးများ ... 31
အထွေထွေ ... 31
အချက်အလက်များအား ထပ်ဆောင်း ထုတ်ဖော်ပြောဆိုမှု ... 32
ကြားနာမှု၌ မိဘအခွင့်အရေး ... 32
ကြားနာမှု၏ အချိန်ကာလများနှင့် အဆင်ပြေချောမွေ့မှု ... 32
ကြားနာမှု ဆုံးဖြတ်ချက်များ ... 33
ALJ ၏ ဆုံးဖြတ်ချက် ... 33
ဆိုလိုချက် အပိုဒ်ငယ် ... 33
ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုအတွက် သီးခြား တောင်းဆိုချက် ... 33
အကြံပေးအဖွဲ့နှင့် ပြည်သူလူထုအတွက် တွေ့ရှိချက်များနှင့် ဆုံးဖြတ်ချက် ... 33
နောက်ဆုံး ဆုံးဖြတ်ချက် အယူခံ ... 34
တရားမရေးရာ ဆောင်ရွက်ချက်များ၊ အဆိုပါဆောင်ရွက်ချက်များကို တင်ရန် အချိန်ကာလ အပါအဝင် ... 34

အထွေထွေ ..... 34
အချိန်ကန့်သတ်ချက် ..... 34
ထပ်ဆောင်း လုပ်ထုံးလုပ်နည်းများ ..... 34
ဆိုလိုချက် စည်းမျဉ်း ..... 35
ရှေ့နေများ၏ ဝန်ဆောင်ခများ ..... 35
အထွေထွေ ..... 35
အခကြေးငွေ ချီးမြှင့်မှု ..... 36
အထူးပညာရေးအတွက် အရည်အချင်း ပြည့်မီသော ကျောင်းသားများအတွက် စည်းကမ်း လုပ်ထုံးလုပ်နည်းများ ..... 37
ကျောင်းအမှုထမ်း၏ အခွင့်အာဏာ ..... 37
ဖြစ်ရပ်တစ်ခုချင်းအလိုက် စိစစ်တွက်ချက်ခြင်း ..... 37
အထွေထွေ ..... 37
စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ဖယ်ရှားမှုများကြောင့် နေရာချထားမှု အပြောင်းအလဲ ..... 38
အကြောင်းကြားချက် ..... 38
ဝန်ဆောင်မှုများ ..... 38
ပေါ်လွင်မှု စိစစ်တွက်ချက်ခြင်း ..... 39
အပြုအမူသည် ကျောင်းသား၏ မသန်စွမ်းမှုအား ပေါ်လွင်အောင်ပြသမှုဖြစ်ကြောင်း စိစစ်တွက်ချက်ခြင်း ..... 40
ထပ်ဆောင်း အခွင့်အာဏာ ..... 40
အထူးအခြေအနေများ ..... 40
အဓိပ္ပာယ်ဖွင့်ဆိုမှုများ ..... 41
နေရာဒေသ စိစစ်တွက်ချက်ခြင်း ..... 41
နေရာချထားမှု ဆုံးဖြတ်ချက်များနှင့် ပေါ်လွင်အောင် ပြသမှု စိစစ်တွက်ချက်မှုများ၏ အယူခံ (စည်းကမ်းအတွက် ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု လုပ်ထုံးလုပ်နည်းများ) ..... 41
အုပ်ချုပ်ရေး ဥပဒေတရားသူကြီး (ALJ) ၏ အခွင့်အာဏာ ..... 42
ထိုက်သင့်သည့် လုပ်ငန်းစဉ် သွက်လက်မြန်ဆန်သော ကြားနာမှုများအတွင်း နေရာချထားမှု ..... 43
အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများအတွက် အရည်အချင်း မပြည့်မီသေးသော ကျောင်းသားများအတွက် အကာအကွယ်ပေးမှုများ ..... 43
အထွေထွေ ..... 43
စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များအတွက် ဗဟုသုတ အခြေခံ ..... 43
ခြွင်းချက် ..... 44
ဗဟုသုတ အခြေခံ မရှိပါက ကျင့်သုံးသော သတ်မှတ်ချက်များ ..... 44
ဥပဒေ အာဏာသက်ရောက်ရေးနှင့် တရားရေးရာ အာဏာပိုင်းများ၏ လွှဲပြောင်းမှုနှင့် ဆောင်ရွက်ချက် ..... 44
မှတ်တမ်းများ ပေးပို့မှု ..... 45
FAPE သည် အရေးကိစ္စဖြစ်သည့်အခါ အများပြည်သူ ကုန်ကျစရိတ်ဖြင့် ပုဂ္ဂလိကကျောင်းများရှိ ကျောင်းသား မိဘများ၏ တစ်ဖက်သတ် နေရာချထားမှု သတ်မှတ်ချက်များ ..... 45
ပုဂ္ဂလိကကျောင်း နေရာချထားမှုအတွက် ပြန်ပေးငွေ ..... 45
ပြန်ပေးငွေအပေါ် ကန့်သတ်ချက် ..... 45
ရင်းမြစ်များ ..... 37
ဥပဒေရေးရာ အကြောင်းကြားစာ ..... 37

# အထွေထွေ အချက်အလက်များ

မသန်စွမ်း ကျောင်းသားများ၏ ပညာရေးနှင့် ပတ်သက်၍ (IDEA) မသန်စွမ်းသူများပညာရေးအက်ဥပဒေ ၂၀၀၄ သည် IDEA နှင့် (CFR) အမေရိကန်ပညာရေးဌာနဖက်ဒရယ်စည်းမျဉ်းများကုဒ်အရ သင့်ထံ ရရှိနိုင်သည့် အခွင့်အရေးနှင့်ပတ်သက်၍ ရှင်းပြချက်အပြည့်အဝ ပါရှိသော အကြောင်းကြားစာကို သင်၊ မသန်စွမ်းကျောင်းသား သို့မဟုတ် သံသယရှိသော မသန်စွမ်းကျောင်းသား၏ မိဘများထံ ကျောင်းများက ပေးရန် လိုအပ်ပါသည်။ လူထုညွှန်ကြားမှု ကြီးကြပ်ရေးရုံး (The Office of Superintendent of Public Instruction, OSPI) က အထူးပညာရေး သတ်မှတ်ပြဋ္ဌာန်းချက် လွှမ်းမိုးထိန်းချုပ်သည့် ပြည်နယ်စည်းမျဉ်းများကို ကြီးကြပ်ပါသည်။ အခန်း 392-172A (WAC) ဝါရှင်တန် အုပ်ချုပ်ရေးဥပဒေတွင် အဆိုပါစည်းမျဉ်းများကို တွေ့ရှိရပါသည်။ ဤစာရွက်စာတမ်းသည် အမေရိကန်ပညာရေးဌာန၏နမူနာအတိုင်း ဆောင်ရွက်ပါသည်*အထူးပညာရေး လုပ်ထုံးလုပ်နည်းဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများ အကြောင်းကြားစာ (Notice of Special Education Procedural Safeguards)* ကို ဇွန်လ ၂၀၀၉ခုနှစ်တွင် စိစစ်တည်းဖြတ်ခဲ့ပါသည်။

ဤအကြောင်းကြားစာသည် မိဘများ၊ မိဘကိုယ်စားနှင့် အရွယ်ရောက်ကျောင်းသားများအတွက် ဖြစ်သည်။ "သင်" သို့မဟုတ် "မိဘ" နှင့် "သင်၏ကလေး" အတွက် ရည်ညွှန်းချက်များသည်လည်း မိဘကိုယ်စားနှင့် အရွယ်ရောက်ကျောင်းသားများအတွက် ကျင့်သုံးပါသည်။ ဤအကြောင်းကြားစာပါ ရည်ညွှန်းချက်များဖြစ်သည့် "ကျောင်းခရိုင်" သို့မဟုတ် "ခရိုင်" တွင် ပညာရေးဆိုင်ရာ ဝန်ဆောင်မှု ခရိုင်များနှင့် ပညာရေးဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းဌာနများ အစရှိသည့် အခြေခံဥပဒေ ကျောင်းများနှင့် အခြားအများပြည်သူ လုပ်ငန်းဌာနများ ပါဝင်ပါသည်။

သင်၏ဒေသန္တရ ကျောင်းခရိုင်၏ အထူးပညာရေး ဒါရိုက်တာ၊ ပြည်နယ်၏ မိဘလေ့ကျင့်သင်ကြားရေးနှင့် အချက်အလက်စင်တာ၊ PAVE စွမ်းအင်မြှင့်တင်ရေးအတွက် လှုပ်ရှားမှုအသံများ မိတ်ဖက်မှု (Washington Pave) ထံ ဆက်သွယ်ခြင်းဖြင့် သို့မဟုတ် OSPI မှတစ်ဆင့် အထူးပညာရေး ဝန်ဆောင်မှုများနှင့် ဤလုပ်ထုံးလုပ်နည်းဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများနှင့် ပတ်သက်သော ထပ်ဆောင်း အချက်အလက်များကို ရရှိနိုင်ပါသည်။ OSPI သည် [လူထုညွှန်ကြားမှု ကြီးကြပ်ရေးရုံး - အထူးပညာရေး] ၌ အထူးပညာရေးကို ဖော်ပြသော ဝဘ်စာမျက်နှာကို ပံ့ပိုးထားပါသည်။ OSPI တွင် သင့်ကလေး၏ အထူးပညာရေး အစီအစဉ်နှင့် ပတ်သက်၍ မေးခွန်းများဖြင့် သင့်ကို ကူညီရန် အစီအစဉ် ကြီးကြပ်ရေးမှူးများနှင့် အထူးပညာရေး မိဘနှင့် လူမှုအသိုင်းအဝိုင်း ဆက်သွယ်ရေးအရာရှိများ ရှိပါသည်။ OSPI အထူးပညာရေးထံ ဤသို့ဆက်သွယ်နိုင်ပါသည်။ 360-725-6075, OSPI TTY 360-664-3631 သို့မဟုတ် [OSPI အထူးပညာရေး အီးမေးလ်].

## လုပ်ထုံးလုပ်နည်းဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများ အကြောင်းကြားစာ

### 34 CFR §300.504; WAC 392-172A-05015

စာသင်နှစ်တိုင်းတစ်ကြိမ် သင့်ထံသို့ ဤအကြောင်းကြားစာ မိတ္တူကို ပေးရပါမည်။ အကဲဖြတ်စစ်ဆေးချက်အတွက် ကနဦး လွှဲပြောင်းမှု သို့မဟုတ် သင်၏တောင်းဆိုချက်အပေါ်၊ စာသင်နှစ်တစ်နှစ်တွင် သင်၏ ပထမဆုံး အထူးပညာရေး လူမှုအသိုင်းအဝိုင်း တိုင်ကြားချက်အား ခရိုင်၏ လက်ခံရရှိမှုအပေါ်၊ စာသင်နှစ်တစ်နှစ်တွင် သင်၏ ပထမဆုံး ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်အား ခရိုင်၏ လက်ခံရရှိမှုအပေါ်၊ နေရာချထားမှု အပြောင်းအလဲ ပါဝင်သော စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အရေးယူ ဆောင်ရွက်ရန် ဆုံးဖြတ်သည့်အခါနှင့် သင်၏တောင်းဆိုချက်အပေါ်

ဤ *အထူးပညာရေး လုပ်ထုံးလုပ်နည်းဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများ အကြောင်းကြားစာ* တွင် အများပြည်သူ ကုန်ကျစရိတ်၊ အထူးပညာရေး လူမှုအသိုင်းအဝိုင်း တိုင်ကြားချက် လုပ်ထုံးလုပ်နည်းများ၊ အကြောင်းကြားထားသော သဘောတူညီချက်၊ အပိုင်းခ IDEA စည်းမျဉ်း၏ အပိုင်းခွဲ င တွင် ပါဝင်သည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများနှင့် အပိုင်းခ IDEA စည်းမျဉ်း၏ အပိုင်းခွဲ စ တွင် ပါဝင်သည့် အချက်အလက် စည်းကမ်းချက်များ၏ လျှို့ဝှက်မှုဖြင့် ပုဂ္ဂလိကကျောင်း၌ သင့်ကလေး၏ တစ်ဖတ်သတ် နေရာချထားမှုနှင့် စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု အားလုံး၏ ရှင်းပြချက် အလုံးစုံ ပါဝင်ပါသည်။ ခရိုင်များသည် ဤအကြောင်းကြားစာကို အသုံးပြုရန် သို့မဟုတ် *မိဘများအတွက်* ၎င်းတို့ကိုယ်ပိုင် အထူးပညာရေး လုပ်ထုံးလုပ်နည်းဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများ အကြောင်းကြားစာ ကို ရေးဆွဲရန် ရွေးချယ်နိုင်ပါသည်။

# ကြိုတင်ရေးသားထားသော အကြောင်းကြားစာ

## 34 CFR §300.503; WAC 392-172A-05010

သင်၏ကျောင်းခရိုင်က သင့်ကလေး၏ အထူးပညာရေး အစီအစဉ်ကို အကျိုးသက်ရောက်မှုရှိသည့် အရေးကြီး ဆုံးဖြတ်ချက်များအကြောင်း အချက်အလက်များကို ရေးသား၍ သင့်ထံ ပို့ပိုးရမည်။ ၎င်းကို (PWN) ကြိုတင်ရေးသားထားသော အကြောင်းကြားစာဟု ခေါ် ပြီး ၎င်းသည် သင်၏ တောင်းဆိုမှုကို တုံ့ပြန်ရာတွင် အစည်းအဝေး၌ သို့မဟုတ် ကျောင်းက ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များကို ထင်ဟပ်ပြသော စာရွက်စာတမ်းဖြစ်သည်။ **ခရိုင်သည် ဆုံးဖြတ်ချက်ချပြီးနောက် ကြိုတင်ရေးသားထားသော အကြောင်းကြားစာကို သင့်ထံ ပေးပို့ရန် လိုအပ်သော်လည်း ဆုံးဖြတ်ချက်ကို အကောင်အထည်မဖော်ခင် ဖြစ်ရမည်။** ၎င်းတို့သည် ကိုယ်ရေးအချက်အလက် ခွဲခြားရွေးထုတ်ခြင်း၊ အကဲဖြတ်စစ်ဆေးခြင်း၊ နေရာချထားခြင်း သို့မဟုတ် သင့်ကလေးအတွက် (FAPE) သင့်လျော်သည့် အခမဲ့ အများပြည်သူ ပညာရေးထောက်ပံ့မှုကို စတင်ဆောင်ရွက်ရန် သို့မဟုတ် ပြောင်းလဲရန် အဆိုပြုချက်များ သို့မဟုတ် ငြင်းပယ်ချက်များနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များ ဖြစ်ကြသည်။

ကြိုတင်ရေးသားထားသော အကြောင်းကြားစာတွင် အောက်ပါတို့ ပါဝင်ရမည်။

- ခရိုင်က ဆောင်ရွက်ရန် အဆိုပြုသည့် သို့မဟုတ် ငြင်းပယ်သည့်အရာ
- ခရိုင်က အရေးယူဆောင်ရွက်ရန် အဆိုပြုသည့် သို့မဟုတ် ငြင်းပယ်သည့် အကြောင်းရင်း ရှင်းပြချက်
- (IEP) တစ်ဦးချင်းအလိုက် ပညာရေးအစီအစဉ်အဖွဲ့က ဆင်ခြင်သုံးသပ်သည့် အခြားရွေးစရာတစ်ခုခု၏ ဖော်ပြချက်နှင့် အဆိုပါ ရွေးချယ်စရာများကို ပယ်ချခဲ့ရသည့် အကြောင်းရင်းများ
- အကဲဖြတ်စစ်ဆေးခြင်း လုပ်ထုံးလုပ်နည်း၊ အကဲဖြတ်ချက်၊ မှတ်တမ်း၊ ဆောင်ရွက်ချက်အတွက် အခြေခံအနေဖြင့် အသုံးပြုသည့် အစီရင်ခံစာ တစ်ခုချင်း၏ ဖော်ပြချက်
- ဆောင်ရွက်ချက်နှင့် သက်ဆိုင်သည့် အခြားအကြောင်းတစ်ခုခု၏ ဖော်ပြချက်
- ကနဦး အကဲဖြတ်စစ်ဆေးမှုနှင့် ပြန်လည်အကဲဖြတ် စစ်ဆေးမှုများ ဆောင်ရွက်ရန် ခရိုင်က အဆိုပြုသည့် အကဲဖြတ်စစ်ဆေးမှု လုပ်ထုံးလုပ်နည်း၏ ဖော်ပြချက်
- ဤစာစောင်တွင် ဖော်ပြထားသည် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများက မိဘများကို အကာအကွယ်ပေးထားကြောင်း ထုတ်ပြန်ချက်
- ဤ *အထူးပညာရေး လုပ်ထုံးလုပ်နည်းဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု အကြောင်းကြားစာ* စာစောင်မိတ္တူကို ရယူနိုင်သည့် နည်းလမ်း သို့မဟုတ် သင့်ကို မပေးခဲ့ပါက ဤ *အထူးပညာရေး လုပ်ထုံးလုပ်နည်းဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု အကြောင်းကြားစာ* စာစောင် မိတ္တူကို ထည့်သွင်းပါ။

- ဤလုပ်ထုံးလုပ်နည်းဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများ နားလည်သဘောပေါက်ရာတွင် အကူအညီရယူရန်အတွက် ဆက်သွယ်ရန် သင့်အတွက် ရင်းမြစ်များ

သင်သည် ကြိုတင်ရေးသားထားသော အကြောင်းကြားစာကို လက်ခံရရှိမည့်အချိန် နမူနာများ

- ခရိုင်က သင့်ကလေးကို အကဲဖြတ်စစ်ဆေးခြင်း သို့မဟုတ် ပြန်လည်အကဲဖြတ်စစ်ဆေးခြင်း ပြုလုပ်လိုပါသည် သို့မဟုတ် ခရိုင်က သင့်ကလေးကို အကဲဖြတ်စစ်ဆေးခြင်း သို့မဟုတ် ပြန်လည်အကဲဖြတ်စစ်ဆေးခြင်းကို ငြင်းပယ်နေပါသည်။
- သင့်ကလေး၏ IEP သို့မဟုတ် နေရာချထားမှုကို ပြောင်းလဲပါသည်။
- သင့်ကို အပြောင်းအလဲအတွက် တောင်းဆိုခဲ့ပြီး ခရိုင်က ပြောင်းလဲရန် ငြင်းပယ်နေပါသည်။
- အထူးပညာရေး ဝန်ဆောင်မှုများ လက်ခံရရှိရန် သင်က သင့်ကလေးအတွက် သဘောတူညီချက်ကို ပြန်လည်ရုပ်သိမ်းနေကြောင်း ခရိုင်ရေးသားထားသော အကြောင်းကြားစာကို သင်က ပေးခဲ့သည်။

ကြိုတင်ရေးသားထားသော အကြောင်းကြားစာသည် အများပြည်သူ နားလည်နိုင်သည့် ဘာသာစကားဖြင့် ရေးသားရမည်ဖြစ်သည်။ ထိုသို့ပြုလုပ်ရန် မဖြစ်နိုင်ပါက သင်၏မိခင်ဘာသာစကား သို့မဟုတ် သင်အသုံးပြုသည့် အခြားဆက်သွယ်ရေး ပုံစံဖြင့် ပံ့ပိုးရမည်။ သင်၏မိခင်ဘာသာစကား သို့မဟုတ် အခြားဆက်သွယ်ရေး ပုံစံသည် ရေးသားထားသော ဘာသာစကား မဟုတ်ပါက ခရိုင်က အောက်ပါတို့ကို စိစစ်ရန် အဆင့်များ ဆောင်ရွက်ရမည်။ (၁) သင်၏မိခင်ဘာသာစကား သို့မဟုတ် အခြားဆက်သွယ်ရေး ပုံစံဖြင့် ဤအကြောင်းကြားစာကို နှုတ်အားဖြင့် သို့မဟုတ် အခြားနည်းလမ်းများဖြင့် ဘာသာပြန်ဆိုခြင်း (၂) သင်သည် အကြောင်းကြားစာပါ အကြောင်းအရာကို နားလည်သဘောပေါက်ခြင်းနှင့် (၃) သတ်မှတ်ချက် (၁) နှင့် (၂) ပြည့်မီကြောင်း ရေးသားထားသော အထောက်အထားရှိခြင်း

# မိခင်ဘာသာစကား

## 34 CFR §300.29; WAC 392-172A-01120

*မိခင်ဘာသာစကား* အင်္ဂလိပ်စာသင်သူတစ်ဦး ပတ်သက်၍ အသုံးပြုသည့်အခါ ဆိုလိုသည်မှာ -

1. အဆိုပါပုဂ္ဂိုလ်က ပုံမှန်အားဖြင့် အသုံးပြုသည့် ဘာသာစကား သို့မဟုတ် ကလေးငယ်ဖြစ်ပါက ကလေး၏ မိဘများ ပုံမှန်အားဖြင့် အသုံးပြုသည့် ဘာသာစကား
2. ကလေးဖြင့် တိုက်ရိုက်ဆက်သွယ်သည့် အဆက်အသွယ်အားလုံးဖြင့် (ကလေး၏ အကဲဖြတ်စိစစ်မှု အပါအဝင်) အိမ် သို့မဟုတ် သင်ယူမှု ပတ်ဝန်းကျင်တွင် ကလေးက ပုံမှန်အားဖြင့် အသုံးပြုသည့် ဘာသာစကား

မျက်မမြင်သူ သို့မဟုတ် နားမကြားသူ သို့မဟုတ် အကြားအာရုံ ခက်ခဲသူအတွက် သို့မဟုတ် ရေးသားသည့် ဘာသာစကားဖြင့် မဟုတ်သူအတွက် ဆက်သွယ်မှု ပုံစံသည် ပုံမှန် အသုံးပြုသည့်အရာ (လက်ဟန်အနေအထားဖြင့် ဆက်သွယ်မှု၊ မျက်မမြင်စာ သို့မဟုတ် နှုတ်ဖြင့် ဆက်သွယ်ပြောဆိုမှု အစရှိသဖြင့်)

# အီးလက်ထရွန်းနစ်မေးလ်

## 34 CFR §300.505; WAC 392-172A-05020

သင့်ခရိုင်က မိဘများအတွက် အီးမေးလ်ဖြင့် စာရွက်စာတမ်းများ လက်ခံခြင်း ရွေးချယ်မှုကို ပေးစွမ်းပါက သင်က အီးမေးလ်ဖြင့် အောက်ပါတို့ကို လက်ခံရန် ရွေးချယ်နိုင်ပါသည်။

1. ကြိုတင်ရေးသားထားသော အကြောင်းကြားစာ
2. *အထူးပညာရေး လုပ်ထုံးလုပ်နည်းဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများ အကြောင်းကြားစာ* နှင့်
3. ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်နှင့် စပ်လျဉ်းသော အကြောင်းကြားစာများ

# မိဘ၏သဘောတူညီချက် - အဓိပ္ပာယ်ဖွင့်ဆိုချက်

## 34 CFR §300.9; WAC 392-172A-01040

*သဘောတူညီချက်* ဆိုသည်မှာ -

1. သင်သဘောတူညီမှု ပေးထားသည့် ဆောင်ရွက်ချက်နှင့် သက်ဆိုင်သည့် အချက်အလက်အားလုံးကို သင်၏ဘာသာစကားဖြင့် သို့မဟုတ် အခြားဆက်သွယ်မှုပုံစံဖြင့် သင့်ကို အပြည့်အဝ အကြောင်းကြားထားပြီးပါပြီ။ (လက်ဟန်အနေအထားဖြင့် ဆက်သွယ်မှု၊ မျက်မမြင်စာ သို့မဟုတ် နှုတ်ဖြင့် ဆက်သွယ်ပြောဆိုမှု အစရှိသဖြင့်)
2. အဆိုပါဆောင်ရွက်ချက် ရေးသားမှုနှင့် အဆိုပါ ဆောင်ရွက်ချက်နှင့် ထုတ်ပြန်မည့်၊ ထုတ်ပြန်ပေးမည့် မှတ်တမ်းများ (ရှိပါက) စာရင်းကို ဖော်ပြသည့် သဘောတူညီချက်ကို သင်က နားလည်၍ သဘောတူလက်ခံပါသည်။
3. သဘောတူညီချက်သည် သင့်အပိုင်းတွင် ဆန္ဒအလျောက်ဖြစ်ပြီး သင်၏ သဘောတူညီချက်ကို အချိန်မရွေး ရုပ်သိမ်း (နုတ်ယူ) နိုင်ကြောင်း သင်နားလည်သဘောပေါက်ပါသည်။

သင့်ကလေးက အထူးပညာရေး ဝန်ဆောင်မှုများကို စတင်၍ လက်ခံရရှိပြီးနောက် သင်က သဘောတူညီချက်ကို ရုပ်သိမ်းရန် ဆန္ဒရှိပါက စာဖြင့်ရေးသား၍ ရုပ်သိမ်းရမည်။ သင်က သင်၏သဘောတူညီချက် ပေးပြီးနောက်နှင့် သင်မရုပ်သိမ်းမီ စတင်ခဲ့သည့် ဆောင်ရွက်ချက်ကို သင်၏ သဘောတူညီချက် ရုပ်သိမ်းမှုသည် ဆောင်ရွက်ချက်ကို မပယ်ဖျက် (ပျက်ပြယ်) နိုင်ပါ။ ထို့အပြင် ကျောင်းခရိုင်အနေဖြင့် သင့်ကလေး၏ အထူးပညာရေး ဝန်ဆောင်မှုများ လက်ခံရရှိခြင်းအတွက် ရည်ညွှန်းချက်တစ်ခုခုကို ဖယ်ရှားရန် သင့်ကလေး၏ ပညာရေးမှတ်တမ်းများကို ပြင်ဆင်ဖြည့်စွက်ရန် (ပြောင်းလဲရန်) မလိုအပ်ပါ။

# မိဘ၏သဘောတူညီချက် – သတ်မှတ်ချက်များ

## 34 CFR §300.300; WAC 392-172A-02000; WAC 392-172A-03000

### ကနဦး အကဲဖြတ်စစ်ဆေးခြင်းအတွက် သဘောတူညီချက်

အဆိုပြုထားသော အကဲဖြတ်စိစစ်မှု လုပ်ငန်းများကို ဖော်ပြသည့် ကြိုတင်ရေးသားထားသော အကြောင်းကြားစာ သင့်ကို ပေးပြီး သင်၏ရေးသားထားသော အကြောင်းကြားသည့် သဘောတူညီချက် လက်ခံရရှိသည့်တိုင်အောင် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများအတွက် အရည်အချင်း ပြည့်မီမှုကို စိစစ်တွက်ချက်ရန် သင့်ကလေး၏ ကနဦး အကဲဖြတ်စစ်ဆေးခြင်းအတွက် သဘောတူညီချက်ကို သင့်ခရိုင်အနေဖြင့် မဆောင်ရွက်နိုင်ပါ။ သင့်ကလေးသည် အထူးပညာရေးအတွက် အရည်အချင်း ပြည့်မီခြင်း ရှိမရှိ ဆုံးဖြတ်ရန် ကနဦး အကဲဖြတ်စစ်ဆေးမှုအတွက် သင်၏ အကြောင်းကြားထားသော သဘောတူညီချက်ကို ရရှိရန် သင်၏ကျောင်းခရိုင်က ထိုက်သင့်သည့် အားထုတ်ကြိုးပမ်းမှု လုပ်ဆောင်ရမည်။

ကနဦး အကဲဖြတ်စစ်ဆေးမှုအတွက် သင်၏ သဘောတူညီချက်ဆိုသည်မှာ သင့်ကလေးအတွက် အထူးပညာရေးနှင့်

သက်ဆိုင်ရာ ဝန်ဆောင်မှုများ စတင်ပံ့ပိုးရန် သင်က ကျောင်းခရိုင်ကို သဘောတူညီချက် ပေးခြင်း မဆိုလိုပါ။ ကျောင်းခရိုင်သည် ပထမဆုံးအကြိမ် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများ သင့်ကလေးကို ပံ့ပိုးရန်လည်း သင့်ထံမှ သဘောတူညီချက်ကို ရရှိရမည်။

သင့်ကလေးသည် အများပြည်သူကျောင်းတွင် စာရင်းသွင်းထားပါက သို့မဟုတ် သင်သည် အများပြည်သူ ကျောင်းတစ်ကျောင်းတွင် သင့်ကလေးကို စာရင်းသွင်းရန် ကြိုးပမ်းနေပါက သို့မဟုတ် ကနဦး အကဲဖြတ်စစ်ဆေးမှုအတွက် သဘောတူညီချက်ပေးရန် တောင်းဆိုချက်အား တုံ့ပြန်ရန် သင်က ပျက်ကွက်ခဲ့ပါက မလိုအပ်သော်လည်း သင့်ကျောင်းခရိုင်က ကြားဝင်ဆက်သွယ်ခြင်း သို့မဟုတ် ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု လုပ်ထုံးလုပ်နည်းများကို အသုံးပြု၍ သင်၏သဘောတူညီချက်ကို ရရှိရန် ကြိုးပမ်း **နိုင်ပါသည်။** ဤအခြေအနေတွင် သင့်ကလေး၏ အကဲဖြတ်စစ်ဆေးမှုကို ဆက်လက်မလုပ်ဆောင်ရန် ရွေးချယ်ပါက သင့်ခရိုင်သည် သင့်ကလေးကို နေရာချထားရန်၊ ခွဲခြားရွေးထုတ်ရန်နှင့် အကဲဖြတ်စစ်ဆေးရန် ၎င်း၏တာဝန်ဝတ္တရားကို ချိုးဖောက်မည်မဟုတ်ပါ။

## ပြည်နယ်၏ အအုပ်ထိန်းခံကလေးများအား ကနဦး အကဲဖြတ်စစ်ဆေးခြင်းအတွက် အထူးစည်းမျဉ်း

သင့်ကလေးသည် ပြည်နယ်အအုပ်ထိန်းခံ ဖြစ်ပြီး သင်နှင့်အတူ မနေထိုင်ပါက အောက်ပါတို့ဖြစ်လျှင် သင့်ကလေးသည် အထူးပညာရေးအတွက် အရည်အချင်း ပြည့်မီခြင်းရှိမရှိ စိစစ်တွက်ချက်ရန် ကနဦး အကဲဖြတ်စိစစ်မှုအတွက် သင့်ထံမှ သဘောတူညီချက်ကို ကျောင်းခရိုင်က မလိုအပ်ပါ။

1. ထိုသို့ပြုလုပ်ရန် သင့်လျော်သည့် အားထုတ်ကြိုးပမ်းမှု ရှိစေကာမူ ခရိုင်က သင့်ကို ရှာမတွေ့နိုင်ပါ။
2. မိဘအနေဖြင့် သင်၏အခွင့်အရေးကို ပြည်နယ်ဥပဒေနှင့်အညီ အဆုံးသတ်ခဲ့ပါသည်။ သို့မဟုတ်
3. သင်မှလွဲ၍ အခြားသူထံနှင့် ကနဦးအကဲဖြတ်စစ်ဆေးမှုအတွက် သဘောတူညီချက် ပေးခဲ့သူထံ ပညာရေးဆိုင်ရာ ဆုံးဖြတ်ချက်ချခွင့်ကို တရားသူကြီးက တာဝန်ပေးခဲ့သည်။

*IDEA တွင် အသုံးပြုသည့်အတိုင်း* ပြည်နယ်အအုပ်ထိန်းခံး ဆိုသည်မှာ ကလေးသည် အောက်ပါအတိုင်းဖြစ်ခြင်းကို ဆိုလိုပါသည်။

1. မွေးစားမိဘဖြင့် မထားသော မွေးစားကလေးတစ်ဦး
2. ဝါရှင်တန်ပြည်နယ် ဥပဒေအရ ပြည်နယ်အအုပ်ထိန်းခံဟု ယူဆထားသော သို့မဟုတ်
3. ကလေးသူငယ်၊ လူငယ်နှင့် မိသားစုများဌာန၏ ထိန်းသိမ်းစောင့်ရှောက်မှုတွင် သို့မဟုတ် ပြည်နယ်၏ အများပြည်သူ ကလေးသူငယ် ပြုစုစောင့်ရှောက်ရေး ဌာန (Department of Children, Youth, and Families) ၏ ထိန်းသိမ်းစောင့်ရှောက်မှုတွင်

*ပြည်နယ်အအုပ်ထိန်းခံ* တွင် မွေးစားမိဘရှိသည့် မွေးစားကလေး မပါဝင်ပါ။

## ကနဦးဝန်ဆောင်မှုများအတွက် မိဘသဘောတူညီချက်နှင့် ဆက်ပေးသည့် ဝန်ဆောင်မှုများအတွက် သဘောတူညီချက် ပြန်လည်ရုပ်သိမ်းခြင်း

သင်၏ကျောင်းခရိုင်သည် သင်၏အကြောင်းကြားထားသော ရေးသားသဘောတူညီချက် ရရှိရန် သင့်လျော်သည့် အားထုတ်ကြိုးပမ်းမှုများ ဆောင်ရွက်ရမည်ဖြစ်ပြီး သင့်ကလေးအတွက် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများ

ပထမဆုံးအကြိမ် မပံ့ပိုးခင် သင်၏ အကြောင်းကြားထားသော ရေးသားသဘောတူညီချက် လက်ခံရရှိရမည်။.

အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများ ပထမဆုံးအကြိမ် လက်ခံရရှိရန် သင့်ကလေးအတွက် သင်၏သဘောတူညီချက် ပေးရန် တောင်းဆိုချက်ကို သင်က မတုံ့ပြန်ပါက သို့မဟုတ် သင်သည် အဆိုပါ သဘောတူညီချက်ပေးရန် ငြင်းဆန်ပါက သင့်ခရိုင်သည် သင်၏သဘောတူညီချက် ရရှိရန် ကြိုးပမ်းရန်အလို့ငှာ ကြားဝင်စေ့စပ်မှု အသုံးပြုခြင်း သို့မဟုတ် သင့်ကလေးအတွက် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးရန် အုပ်ချုပ်ရေး ဥပဒေတရားသူကြီးတစ်ဦးထံမှ ပြဋ္ဌာန်းချက် ရရှိရန်အလို့ငှာ ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု လုပ်ထုံးလုပ်နည်းများကို အသုံးပြုခြင်း မလုပ်ဆောင်နိုင်ပါ။

သင်သည် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများ ပထမဆုံးအကြိမ် လက်ခံရရှိရန် သင့်ကလေးအတွက် သင်၏သဘောတူညီချက် ပေးရန် တောင်းဆိုချက်ကို သင် ငြင်းဆန်ပါက သို့မဟုတ် သင်က မတုံ့ပြန်ပါက ကျောင်းခရိုင်သည် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများဖြင့် သင့်ကလေးကို မပံ့ပိုးပေးနိုင်ပါ။ ဤအခြေအနေတွင် သင်၏ကျောင်းခရိုင်က -

1. သင့်ကလေးအတွက် အဆိုပါဝန်ဆောင်မှုများ ပံ့ပိုးရန် ပျက်ကွက်ခြင်းကြောင့် သင့်ကလေးအတွက် ရရှိနိုင်သည့် သင့်လျော်သည့် အခမဲ့ အများပြည်သူ ပညာရေး (FAPE) ဆောင်ရွက်ရန် သတ်မှတ်ချက်ကို မချိုးဖောက်ပါ။
2. သင့်သဘောတူညီချက်ကို တောင်းဆိုခဲ့ခြင်းအတွက် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများအတွက် သင့်ကလေးအတွက် IEP ကို ရေးဆွဲရန် သို့မဟုတ် IEP အစည်းအဝေး ပြုလုပ်ရန် မလိုအပ်ပါ။

အထူးပညာရေးနှင့် သက်ဆိုင်ရာဝန်ဆောင်မှုများ လက်ခံရရှိရန် သင့်ကလေးအတွက် ရေးသားထားသော သဘောတူညီချက်ကို သင်က ပံ့ပိုးပေးပြီး ခရိုင်က အထူးပညာရေး ဝန်ဆောင်မှုများ ပံ့ပိုးရန် စတင်သည်နှင့် သင့်ကလေးသည် အောက်ပါဖြစ်သည့်တိုင်အောင် အထူးပညာရေး ဝန်ဆောင်မှုများကို လက်ခံရရှိရန် ဆက်လက်၍ အရည်အချင်း ပြည့်မီနေပါမည်။

1. ၎င်းတို့ကို ပြန်လည်အကဲဖြတ်စစ်ဆေးပြီး အထူးပညာရေး ဝန်ဆောင်မှုများအတွက် အရည်အချင်း မပြည့်မီတော့ကြောင်း တွေ့ရှိရသည်အထိ
2. ပုံမှန် အထက်တန်းကျောင်း အောင်လက်မှတ်ဖြင့် ပြီးမြောက်သည်အထိ
3. အသက် ၂၁နှစ်ရောက်သည်အထိ (သို့မဟုတ် သင့်ကလေးသည် ဩဂုတ်လ ၃၁ရက်ပြီးနောက် ၂၁နှစ်ပြည့်လျှင်၊ စာသင်နှစ်ကုန်တွင် ဝန်ဆောင်မှုများအတွက် အရည်အချင်း ပြည့်မီပါက) သို့မဟုတ်
4. အထူးပညာရေး ဝန်ဆောင်မှုများ ဆက်လက် ပံ့ပိုးခြင်းအတွက် သင်၏သဘောတူညီချက်ကို စာဖြင့်ရေးသား၍ ပြန်လည်ရုပ်သိမ်းကြောင်း သင်က ခရိုင်ကို ပေးသည်အထိ

ခရိုင်သည် အထူးပညာရေး ဝန်ဆောင်မှုများကို စတင်ဆောင်ရွက်ခဲ့ပြီးနောက် ဝန်ဆောင်မှုများအား ဆက်လက်ပံ့ပိုးခြင်းအတွက် သင်၏သဘောတူညီချက်ကို စာဖြင့်ရေးသား၍ ပြန်လည်ရုပ်သိမ်းပါက ခရိုင်က သင့်ကလေးအတွက် အထူးပညာရေး ဝန်ဆောင်မှုများ ပံ့ပိုးနေခြင်းကို မရပ်တန့်မီ သင့်လျော်သည့်အချိန်ကို *ကြိုတင်ရေးသားထားသော အကြောင်းကြားစာ* သင့်ကို ပေးရမည်။ ကြိုတင်ရေးထားသော အကြောင်းကြားစာတွင် ခရိုင်က သင့်ကလေးအတွက် ပံ့ပိုးပေးနေသော ဝန်ဆောင်မှုများ ရပ်တန့်မည့် နေ့ရက် ပါဝင်မည်ဖြစ်ပြီး ကျောင်းခရိုင်က အောက်ပါတို့ ပြုလုပ်ကြောင်း အကြောင်းကြားပါမည်။

1. သင့်ကလေးအတွက် အဆိုပါဝန်ဆောင်မှုများ ပံ့ပိုးရန် ပျက်ကွက်ခြင်းကြောင့် သင့်ကလေးအတွက် ရရှိနိုင်သည့် သင့်လျော်သည့် အခမဲ့ အများပြည်သူ ပညာရေး (FAPE) ဆောင်ရွက်ရန် သတ်မှတ်ချက်ကို မချိုးဖောက်ပါ။

2. အထူးပညာရေး ဝန်ဆောင်မှုများအား နောက်ထပ် ပံ့ပိုးခြင်းအတွက် သင့်ကလေးအတွက် IEP ကို ရေးဆွဲရန် သို့မဟုတ် IEP အစည်းအဝေး ပြုလုပ်ရန် မလိုအပ်ပါ။

ခရိုင်သည် သင်၏ ရေးသားထားသော ပြန်လည်ရုပ်သိမ်းမှုကို လွှမ်းမိုးရန် ထိုက်သင့်သည့် လုပ်ငန်းစဉ်ကို အသုံးပြုခြင်း သို့မဟုတ် သင့်ကလေးအတွက် အထူးပညာရေး ဝန်ဆောင်မှုများ ဆက်လက်ပံ့ပိုးရန် သင်၏သဘောတူညီချက် ရရှိရန် ကြားဝင်စေ့စပ်ခြင်း လုပ်ထုံးလုပ်နည်းများကို အသုံးပြုခြင်း မပြုလုပ်နိုင်ပါ။ ခရိုင်သည် သင့်ကလေးအတွက် အထူးပညာရေး ဝန်ဆောင်မှုများ ပံ့ပိုးနေခြင်းကို ရပ်တန့်ပြီးနောက် သင့်ကလေးကို အထူးပညာရေး ဝန်ဆောင်မှုများအတွက် အရည်အချင်း ပြည့်မီကြောင်းကို ထည့်သွင်းမစဉ်းစားတော့ပါ။ ကျောင်းသားအားလုံးအတွက် ကျင့်သုံးသည့် သတ်မှတ်ချက်များအတိုင်း ဖြစ်သည်။ ကျောင်းခရိုင် အပါအဝင် သင် သို့မဟုတ် သင့်ကလေးနှင့် ရင်းနှီးကျွမ်းဝင်သော အခြားသူများသည်  အထူးပညာရေး လက်ခံရရှိရန် သင့်ကလေးအတွက် သင်က သဘောတူညီချက်ကို ရုပ်သိမ်းပြီးနောက် ကနဦး အကဲဖြတ်စစ်ဆေးမှုအတွက် ကလေးကို အချိန်မရွေး လွှဲပြောင်းနိုင်သည်။

## ပြန်လည်အကဲဖြတ်စစ်ဆေးခြင်းအတွက် မိဘ၏ သဘောတူညီချက်

စမ်းသပ်စစ်ဆေးမှု အသစ်သည် သင့်ကလေး၏ ပြန်လည်အကဲဖြတ်စစ်ဆေးခြင်း အစိတ်အပိုင်းအဖြစ် ဆောင်ရွက်ပါက သင့်ခရိုင်သည် အောက်ပါတို့ကို ထုတ်ဖော်မပြသနိုင်ပါက သင့်ခရိုင်သည် သင့်ကလေးကို ပြန်လည်အကဲမဖြတ်မီ သင်၏ အကြောင်းကြားထားသော သဘောတူညီချက်ကို ရရှိရမည်။

1. သင့်ကလေး၏ ပြန်လည်အကဲဖြတ်စစ်ဆေးမှုအတွက် သင်၏ သဘောတူညီချက် ရရှိရန် သင့်လျော်သည့် အဆင့်များ လုပ်ဆောင်ခဲ့ပါသည်။
2. သင်က မတုံ့ပြန်ခဲ့ပါ။

သင်သည် သင့်ကလေး၏ ပြန်လည်အကဲဖြတ်စစ်ဆေးမှု အစိတ်အပိုင်းအဖြစ် စမ်းသပ်စစ်ဆေးမှုအသစ်အတွက် သဘောတူညီချက်ကို ငြင်းပယ်ပါက မလိုအပ်သော်လည်း ခရိုင်က သင့်ထံမှ သဘောတူညီချက် ရရှိရန် ကြားဝင်စေ့စပ်မှု လုပ်ထုံးလုပ်နည်းများ အသုံးပြုခြင်းဖြင့် သင့်ကလေး၏ ပြန်လည်အကဲဖြတ်စစ်ဆေးမှုကို ဆက်လက်လုပ်ဆောင်ရန် သို့မဟုတ် သင့်ကလေး၏ ပြန်လည်အကဲဖြတ်စစ်ဆေးမှုအတွက် သဘောတူညီချက်အပေါ် သင်၏ ငြင်းပယ်ချက်ကို ပယ်ဖျက်ရန် ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု လုပ်ထုံးလုပ်နည်းများ အသုံးပြုခြင်း ပြုလုပ်နိုင်သည်။ ကနဦး အကဲဖြတ်စစ်ဆေးမှုအနေဖြင့် ကြားဝင်စေ့စပ်ခြင်း သို့မဟုတ် ထိုက်သင့်သည့် လုပ်ငန်းစဉ် လုပ်ထုံးလုပ်နည်းများ အသုံးပြု၍ ပြန်လည်အကဲဖြတ်စစ်ဆေးခြင်း ဆက်လက်ပြုလုပ်ရန် ငြင်းဆန်ပါက သင့်ခရိုင်သည် IDEA ၏ အပိုင်းခ အရ ၎င်း၏တာဝန်ဝတ္တရားများကို မချိုးဖောက်ပါ။

## မိဘ၏ သဘောတူညီချက် ရရှိရန် ကျိုးကြောင်းသင့်လျော်သော အားထုတ်မှုများအား မှတ်တမ်းတင်ခြင်း

သင်၏ကျောင်းခရိုင်သည် ကနဦး အကဲဖြတ်စစ်ဆေးခြင်းအတွက် သဘောတူညီချက် ရရှိရန်၊ အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများကို ပထမဆုံးအကြိမ် ပံ့ပိုးရန်၊ စမ်းသပ်စစ်ဆေးမှုအသစ် ပါဝင်သည့် ပြန်လည်အကဲဖြတ်စစ်ဆေးမှုကို ဆောင်ရွက်ရန်နှင့် ကနဦး အကဲဖြတ်စစ်မေးမှုများအတွက် ပြည်နယ်အအုပ်ထိန်းခံများ၏ မိဘများကို နေရာချထားရန် သင့်လျော်သည့် အားထုတ်ကြိုးပမ်းမှု အထောက်အထားကို ထိန်းသိမ်းထားရမည်။ အထောက်အထားတွင် အဆိုပါ နယ်ပယ်များတွင် ခရိုင်၏ အားထုတ်ကြိုးပမ်းမှု မှတ်တမ်း ပါဝင်ရမည်။ ဥပမာ-

1. တယ်လီဖုန်းခေါ်ဆိုမှုများ သို့မဟုတ် အားထုတ်ခေါ်ဆိုမှုများ၏ အသေးစိတ်မှတ်တမ်းများနှင့် အဆိုပါ ခေါ်ဆိုမှုများ၏ ရလဒ်များ
2. သင့်ထံသို့ ပေးပို့ခဲ့သော စာအဆက်အသွယ် မိတ္တူများနှင့် လက်ခံရရှိခဲ့သည့် တုံ့ပြန်မှုများနှင့်
3. သင်၏နေအိမ် သို့မဟုတ် အလုပ်သို့ လာရောက်ခဲ့သည့် အသေးစိတ်မှတ်တမ်းများနှင့် အဆိုပါ လာရောက်မှုများ၏ ရလဒ်များ

## အခြားသဘောတူညီချက် အချက်အလက်များ

သင်၏ခရိုင်က အောက်ပါမတိုင်မီ သင့်သဘောတူညီချက်ကို မလိုအပ်ပါ။

1. သင့်ကလေး၏ အကဲဖြတ်စစ်ဆေးမှု သို့မဟုတ် ပြန်လည် အကဲဖြတ်စစ်ဆေးမှု အစိတ်အပိုင်းအဖြစ် လက်ရှိ ဒေတာများကို မစစ်ဆေးခင် သို့မဟုတ်
2. အဆိုပါစမ်းသပ်စစ်ဆေးမှု သို့မဟုတ် အကဲဖြတ်စစ်ဆေးမှုကို မပေးပါက မတိုင်မီ ကျောင်းသားအားလုံး၏ မိဘများထံမှ လိုအပ်သည့် သဘောတူညီချက် မပေးပါက မတိုင်မီ ကျောင်းသားအားလုံးအတွက် ပေးထားသည့် စမ်းသပ်စစ်ဆေးမှု သို့မဟုတ် အခြားအကဲဖြတ် စစ်ဆေးမှု သင့်ကလေးကို မပေးခင်

သင်သည် သင့်ကလေးကို သင်၏ကိုယ်ပိုင် ကုန်ကျစရိတ်ဖြင့် ပုဂ္ဂလိက ကျောင်းတစ်ခုတွင် စာရင်းသွင်းပါက သို့မဟုတ် သင်သည် သင့်ကလေးကို အိမ်တွင်းပညာသင်ကြားပေးနေပြီး သင့်ကလေး၏ ကနဦးအကဲဖြတ်စစ်ဆေးခြင်း သို့မဟုတ် ပြန်လည်အကဲဖြတ်စစ်ဆေးအတွက် သင်၏ သဘောတူညီချက်ကို မပေးပါက သို့မဟုတ် သင်သည် သင်၏သဘောတူညီချက် ပေးရန် တောင်းဆိုချက်ကို မတုံ့ပြန်ပါက ခရိုင်က သင်၏ သဘောတူညီချက် ရရှိရန် ကြားဝင်စေ့စပ်ခြင်း လုပ်ထုံးလုပ်နည်းများ အသုံးပြုခြင်း သို့မဟုတ် သင်၏ ငြင်းချက်ကို ပယ်ဖျက်ရန် ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု လုပ်ထုံးလုပ်နည်းများ အသုံးပြုခြင်း <u>မပြုလုပ်နိုင်ပါ</u>။ ခရိုင်သည် အထူးပညာရေးအတွက် အရည်အချင်း ပြည့်မီသော မိဘထားရှိသည့် ပုဂ္ဂလိကကျောင်းသားတချို့အတွက် ရရှိနိုင်သည့် ဝန်ဆောင်မှုများဖြစ်သော တန်းတူညီမျှသော ပုဂ္ဂလိကကျောင်း ဝန်ဆောင်မှုများ လက်ခံရရှိရန် အရည်အချင်း ပြည့်မီခြင်းအဖြစ် သင့်ကလေးကို ထည့်သွင်းစဉ်းစားရန်လည်း မလိုအပ်ပါ။

# လွတ်လပ်သော ပညာရေး အကဲဖြတ်မှုများ

## 34 CFR §300.502; WAC 392-172A-05005

သင်သည် သင့်ခရိုင်က ဆောင်ရွက်ခဲ့သည့် အကဲဖြတ်ချက်ကို သဘောမတူပါက သင့်ကလေး၏ (IEE) လွတ်လပ်သော ပညာရေး အကဲဖြတ်မှုကို လက်ခံရရှိခွင့်ရှိသည်။ သင်သည် IEE ကို တောင်းဆိုပါက IEE ကို လက်ခံနိုင်သည့် နေရာနှင့် IEE ကို လျှောက်ထားသည့် ခရိုင်၏ သတ်မှတ်ချက်နှင့် ပတ်သက်သော အချက်အလက်များ ခရိုင်က သင့်ကို ပေးရမည်။

## အဓိပ္ပာယ်ဖွင့်ဆိုမှုများ

- *လွတ်လပ်သော ပညာရေး အကဲဖြတ်မှု* (IEE) ဆိုသည်မှာ သင့်ကလေး၏ ပညာရေးအတွက် တာဝန်ရှိသော ခရိုင်က ခန့်အပ်ထားခြင်းမဟုတ်သည့် အရည်အချင်း ပြည့်မီသော စစ်ဆေးသူတစ်ဦးက စီမံဆောင်ရွက်သည့် အကဲဖြတ်စစ်ဆေးမှုတစ်ခုကို ဆိုလိုပါသည်။
- *အများပြည်သူ ကုန်ကျစရိတ်* ဆိုသည်မှာ ခရိုင်က အကဲဖြတ်စစ်ဆေးမှု၏ အလုံးစုံ ကုန်ကျစရိတ်ကို ပေးချေသည်ဖြစ်စေ သို့မဟုတ် အကဲဖြတ်စစ်ဆေးမှုကို သင့်အတွက် စရိတ်ကျခံရခြင်း မရှိသည်ဖြစ်စေကို ဆိုလိုပါသည်။

## အများပြည်သူ ကုန်ကျစရိတ်ဖြင့် IEE သို့ မိဘအခွင့်အရေး

အောက်ပါ သတ်မှတ်ချက်များအရ သင်သည် သင်၏ခရိုင်က စီမံဆောင်ရွက်သော သင့်ကလေး၏ အကဲဖြတ်စစ်ဆေးမှုကို သဘောမတူပါက သင့်ကလေး၏ IEE ကို အများပြည်သူ ကုန်ကျစရိတ်ဖြင့် ခံစားခွင့်ရှိသည်။

1. သင်သည် အများပြည်သူ ကုန်ကျစရိတ်ဖြင့် သင့်ကလေး၏ IEE ကို တောင်းဆိုပါက သင့်တောင်းဆိုချက်၏ ပြက္ခဒိန်ရက် ၁၅ ရက်အတွင်း သင့်ကျောင်းခရိုင်က **အောက်ပါတစ်ခုခု** လုပ်ဆောင်ရမည်။ (က) သင့်ကလေး၏ အကဲဖြတ်စစ်ဆေးမှုသည် သင့်လျော်ကြောင်း သို့မဟုတ် သင်ရရှိခဲ့သည် သင့်ကလေး၏ အကဲဖြတ်စစ်ဆေးမှုသည် ခရိုင်၏ သတ်မှတ်ချက်နှင့် မကိုက်ညီကြောင်း သက်သေပြရန် ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက် တင်သွင်းရန် **သို့မဟုတ်** (ခ) အများပြည်သူ ကုန်ကျစရိတ်ဖြင့် IEE ကို ပံ့ပိုးရန် သဘောတူလက်ခံရန်
2. သင်၏ကျောင်းခရိုင်သည် ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုကို တောင်းဆိုပြီး နောက်ဆုံး ဆုံးဖြတ်ချက်သည် သင့်ကလေးအား ခရိုင်၏ အကဲဖြတ်စစ်ဆေးမှုသည် သင့်လျော်ကြောင်း ဖြစ်ပါက သင့်တွင် IEE ကို ခံစားခွင့်ရှိပါသေးသည်။ သို့သော် အများပြည်သူ ကုန်ကျစရိတ်ဖြင့် မဟုတ်ပါ။
3. သင်သည် သင့်ကလေး၏ IEE ကို တောင်းဆိုပါက ခရိုင်က စီမံဆောင်ရွက်သည့် အကဲဖြတ်စစ်ဆေးချက်ကို သင်ကန့်ကွက်ရသည့် အကြောင်းရင်းကို သင်၏ကျောင်းခရိုင်က တောင်းခံနိုင်သည်။ သို့သော် ခရိုင်က ဖြေရှင်းချက် မလိုအပ်နိုင်ပါ။ အများပြည်သူ ကုန်ကျစရိတ်ဖြင့် သင့်ကလေး၏ IEE ကို ပံ့ပိုးခြင်းဖြစ်စေ ခရိုင်၏ သင့်ကလေးအား အကဲဖြတ်စစ်ဆေးမှုကို ခုခံကာကွယ်ရန် ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုအတွက် တောင်းဆိုချက် တင်သွင်းရန်ဖြစ်စေ မသင့်လျော်စွာ နှောင့်နှေးကြန့်ကြာ၍ မရနိုင်ပါ။

သင်သဘောမတူသည့် အရာဖြင့် သင့်ကလေး၏ အကဲဖြတ်စစ်ဆေးမှုကို သင်၏ကျောင်းခရိုင်က စီမံဆောင်ရွက်သည့်အခါတိုင်း အများပြည်သူ ကုန်ကျစရိတ်ဖြင့် သင့်ကလေး၏ IEE တစ်ခုကိုသာ သင်က တောင်းဆိုခွင့်ရှိသည်။

## မိဘဦးဆောင်သော အကဲဖြတ်ချက်များ

သင်သည် အများပြည်သူ ကုန်ကျစရိတ်ဖြင့် သင့်ကလေး၏ IEE ကို လက်ခံရရှိပါက သို့မဟုတ် ကိုယ်ပိုင်စရိတ်ဖြင့် သင်လက်ခံရရှိခဲ့သည့် IEE ဖြင့် ခရိုင်ကို ပံ့ပိုးပါက -

1. IEE အတွက် ခရိုင်၏ သတ်မှတ်ချက်ကို ပြည့်မီပါက သင်၏ခရိုင်သည် သင့်ကလေးအတွက် FAPE ပံ့ပိုးမှုနှင့် စပ်လျဉ်း၍ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်တစ်ခုခုတွင် IEE ၏ ရလဒ်များကို ထည့်သွင်းစဉ်းစားရမည်။
2. သင် သို့မဟုတ် သင်၏ခရိုင်သည် သင့်ကလေးနှင့် စပ်လျဉ်း၍ ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုဖြင့် အထောက်အထားအဖြစ် IEE ကို တင်ပြနိုင်သည်။

## (ALJ) အုပ်ချုပ်ရေး ဥပဒေတရားသူကြီးများ၏ အကဲဖြတ်ချက်များအတွက် တောင်းဆိုမှုများ

ALJ က ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု၏ အစိတ်အပိုင်းအဖြစ် သင့်ကလေး၏ IEE ကို တောင်းဆိုပါက အကဲဖြတ်စစ်ဆေးမှု ကုန်ကျစရိတ်သည် အများပြည်သူ ကုန်ကျစရိတ်ဖြင့် ဖြစ်ရမည်။

## ခရိုင်စံသတ်မှတ်ချက်များ

IEE သည် အများပြည်သူ ကုန်ကျစရိတ်ဖြင့် ဆိုပါက အကဲဖြတ်စစ်ဆေးမှု၏ တည်နေရာနှင့် စစ်ဆေးသူ၏ အရည်အချင်း

အပါအဝင် ရရှိသည့် အကဲဖြတ်စစ်ဆေးမှု ရရှိသည့် သတ်မှတ်ချက်သည် အကဲဖြတ်စစ်ဆေးမှု စတင်ဆောင်ရွက်သည့်အခါ ခရိုင်က အသုံးပြုသည့် သတ်မှတ်ချက်အတိုင်း အတူတူ ဖြစ်ရမည်။ (IEE အတွက် သင်၏အခွင့်အရေးနှင့် ကိုက်ညီသော အဆိုပါ သတ်မှတ်ချက်များ အတိုင်းအတာအထိ)

အထက်တွင် ဖော်ပြထားသည့်အတိုင်းမှတစ်ပါး အများပြည်သူ ကုန်ကျစရိတ်ဖြင့် IEE ရရှိမှုနှင့် သက်ဆိုင်သော သတ်မှတ်ချက်များ သို့မဟုတ် အချိန်ကာလများကို ခရိုင်က မချမှတ်နိုင်ပါ။

# အချက်အလက်များ၏ လျှို့ဝှက်မှု အဓိပ္ပာယ်ဖွင့်ဆိုချက်များ

## 34 CFR §300.611; WAC 392-172A-05180

IDEA သည် သင့်ကလေး၏ အထူးပညာရေး မှတ်တမ်းများနှင့် စပ်လျဉ်း၍ သင်၏အခွင့်အရေးများကို ပေးပါသည်။ အဆိုပါ အခွင့်အရေးများသည် ကျောင်းသားများ အားလုံးအတွက် ပညာရေးမှတ်တမ်းများ အကာအကွယ်ပေးမှုများကို ပံ့ပိုးသည့် ဥပဒေဖြစ်သော (FERPA) မိသားစု ပညာရေး အခွင့်အရေးများနှင့် အတွင်းရေး အက်ဥပဒေအရ သင့်တွင် ရှိသော အခွင့်အရေးများ ဖြစ်သည်။

*အချက်အလက် လျှို့ဝှက်မှု* ခေါင်းစဉ်အရ အသုံးပြုသည့်အတိုင်း

- *ဖျက်ဆီးခြင်း* ဆိုသည်မှာ အချက်အလက်များကို မည်သူဖြစ်ကြောင်း ဖော်ထုတ်နိုင်ခြင်း မရှိတော့စေရန် အချက်အလက်များမှ မည်သူဖြစ်ကြောင်း ခွဲခြားဖော်ထုတ်သည့်အရာကို ဖျက်ဆီးခြင်း သို့မဟုတ် ဖယ်ရှားခြင်းကို ဆိုလိုပါသည်။
- *ပညာရေး မှတ်တမ်းများ* ဆိုသည်မှာ 34 CFR အပိုင်း ၉၉ ရှိ "ပညာရေး မှတ်တမ်းများ" (မိသားစု ပညာရေး အခွင့်အရေးများနှင့် အတွင်းရေး အက်ဥပဒေ ၁၉၇၄ကို အကောင်အထည်ဖော် ဆောင်ရွက်သော စည်းမျဉ်းများ၊ 20 U.S.C. 1232g (FERPA)) အဓိပ္ပာယ်ဖွင့်ဆိုချက်အရ အကျုံးဝင်သော မှတ်တမ်း အမျိုးအစားကို ဆိုလိုပါသည်။
- *ပါဝင်ဆောင်ရွက်သော အေဂျင်စီ* ဆိုသည်မှာ အပိုင်းခ သို့မဟုတ် IDEA အရ လက်ခံရရှိသည့် အချက်အလက်မှ သို့မဟုတ် မည်သူဖြစ်ကြောင်း ဖော်ထုတ်နိုင်သည့် အချက်အလက်များ စုစည်းခြင်း၊ ထိန်းသိမ်းခြင်း သို့မဟုတ် အသုံးပြုခြင်း ပြုလုပ်သည့် ကျောင်းခရိုင်၊ အေဂျင်စီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုကို ဆိုလိုပါသည်။

# မည်သူဖြစ်ကြောင်း ဖော်ထုတ်နိုင်သော

## 34 CFR §300.32; WAC 392-172A-01140

*မည်သူဖြစ်ကြောင်း ဖော်ထုတ်နိုင်သော* ဆိုသည်မှာ အောက်ပါတို့ရှိသည့် အချက်အလက်များကို ဆိုလိုပါသည်။

1. သင့်ကလေး၏ အမည်၊ မိဘအဖြစ် သင်၏အမည် သို့မဟုတ် နောက်ထပ်မိသားစု၏ အမည်
2. သင့်ကလေး၏လိပ်စာ
3. သင့်ကလေး၏ လူမှုဖူလုံရေး နံပါတ် သို့မဟုတ် ကျောင်းသားနံပါတ် အစရှိသည့် မည်သူဖြစ်ကြောင်း ဖော်ထုတ်နိုင်သည့်အရာတစ်ခု သို့မဟုတ်
4. ကျိုးကြောင်းဆီလျော်သည့် သေချာမှုဖြင့် သင့်ကလေးကို ခွဲခြားရွေးထုတ်နိုင်မည့် မည်သူဖြစ်ကြောင်း ဝိသေသလက္ခဏာရပ် သို့မဟုတ် အခြားအချက်အလက်များ စာရင်း

# မိဘများအတွက် အကြောင်းကြားစာ

## 34 CFR §300.612; WAC 392-172A-05185

OSPI သည် အောက်ပါတို့ အပါအဝင် မည်သူဖြစ်ကြောင်း ဖော်ထုတ်နိုင်သော အချက်အလက်၏ လျှို့ဝှက်မှုအကြောင်း သင့်ထံ အပြည့်အဝ အကြောင်းကြားရန် ၎င်း၏ စည်းမျဉ်းများမှတစ်ဆင့် အကြောင်းကြားစာ ပေးပါသည်။

1. တောင်းဆိုမှုအပေါ် ဘာသာစကားမျိုးစုံနှင့် သီးခြားပုံစံများဖြင့် ဤ *အထူးပညာရေး လုပ်ထုံးလုပ်နည်းဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများ အကြောင်းကြားစာ* အပါအဝင် နမူနာ ပုံစံများ ရရှိနိုင်မှု
2. ပြည်နယ် တိုင်ကြားချက်များ၊ ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်များနှင့် ဆုံးဖြတ်ချက်များ၊ စောင့်ကြည့်ခြင်း၊ ဘေးကင်းလုံခြုံရေး ကွန်ရက် လျှောက်ထားမှု၊ ကြားဝင်စေ့စပ်မှု သဘောတူညီချက်များနှင့် ထောက်ပံ့ကြေး အကဲဖြတ်ချက် စွမ်းဆောင်ရည်တို့မှတစ်ဆင့် OSPI က စုစည်းထိန်းသိမ်းသည့် မည်သူဖြစ်ကြောင်း ဖော်ထုတ်နိုင်သော အချက်အလက်များ၏ ဖော်ပြချက် မိဘ သို့မဟုတ် အရွယ်ရောက်ကျောင်းသားက အချက်အလက် ထုတ်ပြန်ရန် သဘောတူညီချက် မပေးပါက အချက်အလက်များ တောင်းဆိုသည့် အခြားအေဂျင်စီများ သို့မဟုတ် လူပုဂ္ဂိုလ်များကို ဤအချက်အလက် မပျှဝေခင် မည်သူဖြစ်ကြောင်း ဖော်ထုတ်နိုင်သော အချက်အလက်များကို ဖယ်ရှားရပါသည်။
3. သိုလှောင်ခြင်း၊ တတိယ အဖွဲ့အစည်းများထံ ထုတ်ဖော်ပြောကြားခြင်း၊ ထိန်းသိမ်းခြင်းနှင့် မည်သူဖြစ်ကြောင်း ဖော်ထုတ်နိုင်သော အချက်အလက်များကို ဖျက်ဆီးခြင်းနှင့် စပ်လျဉ်း၍ ခရိုင်များက လိုက်နာရမည့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ အနှစ်ချုပ် နှင့်
4. မိသားစု ပညာရေး အခွင့်အရေးများနှင့် အတွင်းရေး အက်ဥပဒေ (FERPA) နှင့် 34 CFR အပိုင်း ၉၉ ရှိ ၎င်း၏အကောင်အထည်ဖော် ဆောင်ရွက်ရေး စည်းမျဉ်းများအရ အခွင့်အရေးများ အပါအဝင် ဤအချက်အလက်များနှင့် စပ်လျဉ်း၍ မိဘနှင့် ကျောင်းသား အခွင့်အရေးအားလုံး ဖော်ပြချက်

အဓိက ပြည်နယ်အနှံ့ ဖော်ထုတ်မှု၊ တည်နေရာ သို့မဟုတ် အကဲဖြတ်စစ်ဆေးမှု လုပ်ငန်းစဉ် မတိုင်မီ ("ကလေးတွေ့ရှိမှု" ဟုလည်း သိကြသည်) အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများ လိုအပ်သည့် ကလေးများကို နေရာချထားရန်၊ ဖော်ထုတ်ရန်နှင့် အကဲဖြတ်ရန် လုပ်ငန်းစဉ် အခြေအနေ တစ်လျှောက်လုံး မိဘများကို အကြောင်းကြားရန် လုံလောက်သည့် လှည့်ပတ်မှုဖြင့် အကြောင်းကြားစာကို သတင်းစာတွင် ထုတ်ဝေခြင်း သို့မဟုတ် အခြားမီဒီယာတွင် ကြေညာခြင်း သို့မဟုတ် နှစ်ခုစလုံးတွင် ကြေညာခြင်း လုပ်ဆောင်ရမည်။

# ဝင်ရောက်ခွင့် မှတ်တမ်း

## 34 CFR §300.613-617; WAC 392-172A-05190–05210

IDEA အပိုင်း ခအရ သင်၏ကျောင်းခရိုင်က စုစည်းထားပြီး ထိန်းသိမ်းထားသော သို့မဟုတ် အသုံးပြုသော သင့်ကလေး၏ ပညာရေး မှတ်တမ်းများကို စစ်ဆေး၍ ပြန်လည်သုံးသပ်ခွင့် သင့်တွင် ရှိပါသည်။ မလိုအပ်သည့် နှောင့်နှေးမှုများ မရှိဘဲ သင့်ကလေးနှင့် စပ်လျဉ်း၍ ပညာရေး မှတ်တမ်းများကို စစ်ဆေး၍ ပြန်လည်သုံးသပ်ရန်နှင့် IEP သို့မဟုတ် သမာသမတ်ကျသော ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုနှင့်စပ်လျဉ်း၍ အစည်းအဝေး မတိုင်မီ (ဆုံးဖြတ်ချက် အစည်းအဝေး သို့မဟုတ် စည်းကမ်းနှင့် စပ်လျဉ်း၍ အထူးပညာရေး ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု အပါအဝင်) နှင့် သင်တောင်းဆိုပြီးနောက် ပြက္ခဒိန်ရက် ၄၅ရက်ကျော် ခရိုင်က သင့်တောင်းဆိုချက်ကို လိုက်နာရမည်။

ပညာရေး မှတ်တမ်းများကို စစ်ဆေး၍ ပြန်လည်သုံးသပ်ရန် သင်၏အခွင့်အရေးတွင် အောက်ပါတို့ ပါဝင်ပါသည်။

1. မှတ်တမ်းများ၏ ရှင်းပြချက်များနှင့် အဓိပ္ပာယ် ကောက်ယူချက်များအတွက် သင်၏ အကျိုးကြောင်းသင့် တောင်းဆိုမှုများကို ခရိုင်ထံမှ တုံ့ပြန်ရန် သင်၏အခွင့်အရေး
2. သင်သည် အဆိုပါမိတ္တူများကို လက်ခံမရရှိဘဲ မှတ်တမ်းများကို ထိရောက်စွာ စစ်ဆေး၍ ပြန်လည်သုံးသပ်နိုင်ခြင်း မပြုလုပ်နိုင်ပါက မှတ်တမ်း မိတ္တူများကို ကျောင်းခရိုင်က ပံ့ပိုးပေးရန် တောင်းဆိုရန် သင်၏အခွင့်အရေး
3. မှတ်တမ်းများကို စစ်ဆေး၍ ပြန်လည်သုံးသပ်နိုင်ရန် သင်၏ကိုယ်စားလှယ် ထားရှိရန် သင်၏အခွင့်အရေး

အုပ်ထိန်းမှု၊ ကွဲကွာခြင်းနှင့် ကွာရှင်းခြင်း ကိစ္စရပ်များ ကဲ့သို့ သက်ဆိုင်ရာ ပြည်နယ်ဥပဒေ စိုးလွှမ်းမှုများအရ သင့်တွင် အခွင့်အာဏာမရှိကြောင်း အသိပေးခြင်း မရှိလျှင် သင့်ကလေးနှင့် ပတ်သက်၍ မှတ်တမ်းများကို စစ်ဆေး၍ ပြန်လည်သုံးသပ်ရန် သင့်တွင် အခွင့်အာဏာ ရှိကြောင်း ခရိုင်က ယူဆရပါမည်။

## ဝင်ရောက်ခွင့် မှတ်တမ်း

အဖွဲ့၏အမည်၊ အခွင့်အရေး ပေးခဲ့သည့် နေ့ရက်နှင့် မှတ်တမ်းများကို အသုံးပြုရန် တရားဝင်ခွင့်ပြုသော အဖွဲ့အတွက် ရည်ရွယ်ချက် အပါအဝင် IDEA အပိုင်း ခအရ စုစည်း၍ ထိန်းသိမ်းသော သို့မဟုတ် အသုံးပြုသော ပညာရေး မှတ်တမ်းများ ဝင်ရောက်ခွင့် ရရှိသော အဖွဲ့များ၏ မှတ်တမ်းကို ကျောင်းခရိုင်တိုင်းက ထိန်းသိမ်းထားရမည်။ မိဘများအတွက် သို့မဟုတ် ကျောင်းခရိုင်၏ တရားဝင်ခွင့်ပြုသော ဝန်ထမ်းများ၏ ဤဝင်ရောက်ခွင့် မှတ်တမ်းကို ထိန်းသိမ်းရန် ကျောင်းခရိုင်များအနေဖြင့် မလိုအပ်ပါ။

## ကလေးတစ်ဦးထက်ပိုသော မှတ်တမ်းများ

ပညာရေး မှတ်တမ်းတွင် ကလေးတစ်ဦးထက်ပိုသော အချက်အလက်များ ပါဝင်လျှင် အခြားကျောင်းသားနှင့် ပတ်သက်၍ မည်သူဖြစ်ကြောင်း ဖော်ထုတ်နိုင်သော အချက်အလက်ကို ထုတ်မပြောဘဲ ခရိုင်က အချက်အလက်များကို သင့်ထံ မပြသနိုင်ပါက သင့်အနေဖြင့် သင့်ကလေးနှင့် ပတ်သက်သော အချက်အလက်များကိုသာ စစ်ဆေး၍ ပြန်လည်သုံးသပ်ခွင့် ရှိပါသည်။

## အမျိုးအစားများနှင့် အချက်အလက် တည်နေရာများ စာရင်း

သင်က တောင်းဆိုပါက ကျောင်းခရိုင်က စုစည်း ထိန်းသိမ်းထားသော သို့မဟုတ် အသုံးပြုသော ပညာရေး မှတ်တမ်းများ၏ အမျိုးအစားများနှင့် အချက်အလက် တည်နေရာများ စာရင်းကို သင့်ကို ပေးရမည်။

## ဝန်ဆောင်ခများ

ဝန်ဆောင်ခသည် အဆိုပါမှတ်တမ်းများ စစ်ဆေးသုံးသပ်ရန် သင်၏အခွင့်အရေးကို ကျင့်သုံးခြင်းမှ သင့်ကို ထိရောက်စွာ အကာအကွယ် မပေးနိုင်ပါက IDEA ၏ အပိုင်းခအရ သင့်အတွက် ပြုလုပ်ထားသည့် မှတ်တမ်းမိတ္တူများအတွက် အခကြေးငွေကို ကျောင်းခရိုင်က ကောက်ခံနိုင်ပါသည်။ IDEA အရ ရှာဖွေရန် အခကြေးငွေ သို့မဟုတ် အချက်အလက်များ ပြန်ထုတ်ရန် အခကြေးငွေ မကောက်ခံနိုင်ပါ။

# မိဘ၏ တောင်းဆိုမှုဖြင့် မှတ်တမ်းများ၏ ပြင်ဆင်ဖြည့်စွက်ချက်

## 34 CFR §300.618–§300.621; WAC 392-172A-05215

IDEA အရ စုစည်းထိန်းသိမ်းသော သို့မဟုတ် အသုံးပြုသော သင့်ကလေးနှင့် ပတ်သက်၍ ပညာရေး မှတ်တမ်းပါ အချက်အလက်သည် မမှန်ကန်၊ လှည့်စားခြင်း သို့မဟုတ် သင့်ကလေး၏ အတွင်းရေး သို့မဟုတ် အခြားအခွင့်အရေးများကို ချိုးဖောက်သည်ဟု ထင်ပါက အချက်အလက်များကို ပြောင်းလဲပေးရန် သင်က ခရိုင်ကို တောင်းဆိုနိုင်ပါသည်။

သင့်တောင်းဆိုချက် လက်ခံရရှိသည့် ကျိုးကြောင်းသင့်လျော်သော အချိန်ကာလတစ်ခုအတွင်း သင်၏တောင်းဆိုချက်နှင့်အညီ အချက်အလက်များကို ပြောင်းလဲပေးရန် မပေးရန်ကို ခရိုင်က ဆုံးဖြတ်ရမည်။

# ကြားနာခြင်း၊ ကြားနာခြင်း လုပ်ထုံးလုပ်နည်းများနှင့် ကြားနာမှု ရလဒ်များအတွက် အခွင့်အလမ်း

သင့်ကျောင်းခရိုင်သည် သင့်တောင်းဆိုချက်နှင့်အညီ အချက်အလက်များကို ပြောင်းလဲရန် ငြင်းပယ်ပါက အဆိုပါဆုံးဖြတ်ချက်အား သင့်ထံ အကြောင်းကြားရမည်ဖြစ်ပြီး ခရိုင်၏ ကြားနာမှုသို့ သင်၏အခွင့်အရေးအား သင့်ထံ အကြံပြုရမည်။

၎င်းသည် မမှန်ကန်၊ လှည့်စားခြင်း သို့မဟုတ် သင့်ကလေး၏ အတွင်းရေး သို့မဟုတ် အခြားအခွင့်အရေးများကို ချိုးဖောက်ခြင်း မရှိကြောင်း စိစစ်ရန် သင့်ကလေး၏ ပညာရေး မှတ်တမ်းရှိ အချက်အလက်များကို အကဲစမ်းရန် ကြားနာမှု တောင်းဆိုခွင့် သင့်တွင် ရှိပါသည်။ ပညာရေး မှတ်တမ်းများရှိ အချက်အလက်များကို ခုခံပြောဆိုရန် ကြားနာမှုကို FERPA အရ ခရိုင်၏ ကြားနာမှု လုပ်ထုံးလုပ်နည်းများအတိုင်း စီမံဆောင်ရွက်ရမည်။ ဤအရာသည် အထူးပညာရေး ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု မဟုတ်ပါ။

ကြားနာမှု၏ ရလဒ်အနေဖြင့် အချက်အလက်သည် မမှန်ကန်၊ လှည့်စားခြင်း သို့မဟုတ် ကျောင်းသား၏ အတွင်းရေး သို့မဟုတ် အခြားအခွင့်အရေးများကို ချိုးဖောက်ခြင်း <u>ဖြစ်သည်ဟု</u> ခရိုင်က ဆုံးဖြတ်ပါက အချက်အလက်များကို လိုအပ်သလို ပြောင်းလဲရမည်ဖြစ်ပြီး အဆိုပါ ပြောင်းလဲမှုများကို သင့်ထံ စာဖြင့်ရေးသား အကြောင်းကြားရမည်။

ကြားနာမှု၏ ရလဒ်အနေဖြင့် အချက်အလက်သည် မမှန်ကန်၊ လှည့်စားခြင်း သို့မဟုတ် သင့်ကလေး၏ အတွင်းရေး သို့မဟုတ် အခြားအခွင့်အရေးများကို ချိုးဖောက်ခြင်း <u>မဖြစ်ပါဟု</u> ခရိုင်က ဆုံးဖြတ်ပါက ခရိုင်၏ ဆုံးဖြတ်ချက်ကို သင်သဘောမတူရသည့် အကြောင်းရင်းကို ပံ့ပိုးခွင့် သို့မဟုတ် အချက်အလက်အပေါ်တွင် မှတ်ချက်ပေးသော သင့်ကလေး၏ ပညာရေး မှတ်တမ်းများတွင် ထုတ်ပြန်ချက်တစ်ခု ထားရှိခွင့် သင့်တွင်ရှိကြောင်း အကြောင်းကြားရမည်။

သင်သည် သင့်ကလေး၏ မှတ်တမ်းများတွင် ထုတ်ပြန်ချက် ထည့်ရန် ရွေးချယ်ပါက ထုတ်ပြန်ချက်သည် အောက်ပါအတိုင်း ဖြစ်ရမည်။

1. မှတ်တမ်း သို့မဟုတ် ခုခံပြောဆိုသည့် အပိုင်းကို ပံ့ပိုးထားသရွေ့ သင့်ကလေး မှတ်တမ်းများ၏ အစိတ်အပိုင်းအဖြစ် ခရိုင်က ထိန်းသိမ်းရမည်။
2. ခရိုင်က အဖွဲ့တစ်ခုခုထံ သင့်ကလေး၏ မှတ်တမ်းများ သို့မဟုတ် အကဲစမ်းထားသော အပိုင်းကို ထုတ်ဖော်ပြောဆိုပါက ထုတ်ပြန်ချက်ကို အဆိုပါ အဖွဲ့ထံလည်း ထုတ်ဖော်ပြောဆိုရမည်။

## မည်သူဖြစ်ကြောင်း ဖော်ထုတ်နိုင်သော အချက်အလက်များအား ထုတ်ဖော်ပြောဆိုခြင်းအတွက် သဘောတူညီချက်

### 34 CFR §300.622; WAC 392-172A-05225

သင့်ကလေး၏ ပညာရေးမှတ်တမ်းများတွင် ပါဝင်သော အချက်အလက်များ၏ ထုတ်ဖော်ပြောဆိုမှုကို FERPA အရ မိဘ၏သဘောတူညီချက် မပါဘဲ ခွင့်မပြုပါက မည်သူဖြစ်ကြောင်း ဖော်ထုတ်နိုင်သည့် အချက်အလက်ကို အခြားသူများထံ ထုတ်ဖော်မပြောဆိုခင် သင်၏ ရေးသားထားသော သဘောတူညီချက်ကို ရရှိရမည်။ ယေဘုယျအားဖြင့် IDEA ၏ အပိုင်းခ သတ်မှတ်ချက် ပြည့်မီခြင်း ရည်ရွယ်ချက်အတွက် ပါဝင်ဆောင်ရွက်သော အေဂျင်စီများ၏ အရာရှိများထံ မည်သူဖြစ်ကြောင်း ဖော်ထုတ်နိုင်သည့် အချက်အလက်များ မထုတ်ပေးမီ သင်၏ သဘောတူညီချက် လိုအပ်ပါသည်။ သို့သော် အကူးအပြောင်း ဝန်ဆောင်မှုများအတွက် ပံ့ပိုးပေးသော သို့မဟုတ် ပေးချေသော ပါဝင်ဆောင်ရွက်သည့် အေဂျင်စီများ၏ အရာရှိများထံ မည်သူဖြစ်ကြောင်း ဖော်ထုတ်နိုင်သည့် အချက်အလက်များ မထုတ်ပေးမီ သင်၏ သဘောတူညီချက် သို့မဟုတ် ကလေးသည် အရွယ်ရောက်သည့် အသက်အရွယ်ဖြစ်ပါက သင့်ကလေး၏ သဘောတူညီချက်ကို ရယူရမည်။ ထို့အပြင် သင့်ကလေးသည် ပုဂ္ဂလိကကျောင်းတွင် တက်ရောက်ပါက ပုဂ္ဂလိကကျောင်း တည်ရှိသည့် ခရိုင်တွင်းရှိ အရာရှိများနှင့် သင်နေထိုင်သည့် ခရိုင်တွင်း သင်သည် ကလေးကို စာရင်းသွင်းရန် မစီစဉ်ထားပါက သင့်ကလေး နေထိုင်သည့် ခရိုင်ရှိ အရာရှိများအကြား သင့်ကလေးနှင့် ပတ်သက်သော မည်သူဖြစ်ကြောင်း ဖော်ထုတ်သည့် အချက်အလက်ကို ထုတ်မပေးမီ သင်၏ သဘောတူညီချက်ကို ရယူရမည်။

## မည်သူဖြစ်ကြောင်း ဖော်ထုတ်နိုင်သည့် အချက်အလက်များအတွက် ကာကွယ်စောင့်ရှောက်မှုများ

### 34 CFR §300.623; WAC 392-172A-05230

သင့်ကျောင်းခရိုင်သည် စုစည်းခြင်း၊ သိုလှောင်ခြင်း၊ ထုတ်ဖော်ပြောဆိုခြင်းနှင့် ဖျက်ဆီးခြင်း အဆင့်များ၌ မည်သူဖြစ်ကြောင်း ဖော်ထုတ်နိုင်သော အချက်အလက်များ၏ လျှို့ဝှက်မှုကို အကာအကွယ်ပေးရမည်။ ကျောင်းခရိုင်၌ အရာရှိတစ်ဦးသည် မည်သူဖြစ်ကြောင်း ဖော်ထုတ်နိုင်သော အချက်အလက်များ၏ လျှို့ဝှက်မှုကို စိစစ်ခြင်းအတွက် တာဝန်ရှိသည်ဟု ယူဆရမည်။ မည်သူဖြစ်ကြောင်း ဖော်ထုတ်နိုင်သည့် အချက်အလက်များကို စုစည်းသော သို့မဟုတ် အသုံးပြုသော လူပုဂ္ဂိုလ်အားလုံးက IDEA နှင့် FERPA ၏ အပိုင်းခအရ လျှို့ဝှက်မှုနှင့် စပ်လျဉ်း၍ လေ့ကျင့်သင်ကြားမှု သို့မဟုတ် သင်ကြားပို့ချမှုကို လက်ခံရရှိရမည်။

မည်သူဖြစ်ကြောင်း ဖော်ထုတ်နိုင်သည့် အချက်အလက်များကို ဝင်ရောက်နိုင်သည့် အေဂျင်စီအတွင်း အများပြည်သူ စစ်ဆေးခြင်းအတွက် အဆိုပါဝန်ထမ်းများ၏ အမည်များနှင့် ရာထူးများ၏ လက်ရှိစာရင်းကို ကျောင်းခရိုင်တိုင်းက ထိန်းသိမ်းရမည်။

## အချက်အလက်များအား ဖျက်ဆီးခြင်း၊ ဆက်လက်ထားရှိခြင်းနှင့် သိုလှောင်ခြင်း

### 34 CFR §300.624; WAC 392-172A-05235

စုစည်းထားပြီး ထိန်းသိမ်းထားသော သို့မဟုတ် အသုံးပြုသော မည်သူဖြစ်ကြောင်း ဖော်ထုတ်နိုင်သည့် အချက်အလက်များကို သင့်ကလေးအတွက် ပညာရေးဝန်ဆောင်မှုများကို ပံ့ပိုးပေးရန် မလိုအပ်တော့သောအခါ ကျောင်းခရိုင်က သင့်ထံ အကြောင်းကြားရမည်။

မလိုအပ်တော့သည့်အချိန်တွင် အချက်အလက်များကို သင်၏တောင်းဆိုချက်ဖြင့် ဖျက်ဆီးပစ်ရမည်။ သို့သော် သင့်ကလေး၏ အမည်၊ လိပ်စာနှင့် ဖုန်းနံပါတ်၊ သူ သို့မဟုတ် သူမ၏ အတန်းများ၊ ကျောင်းတက်ရောက်မှု မှတ်တမ်း၊ တက်ရောက်ခဲ့သည့် အတန်းများ၊ ပြီးမြောက်ခဲ့သည့် အတန်းအဆင့်နှင့် ပြီးမြောက်ခဲ့သည့် ခုနှစ်၏ အမြဲတမ်း မှတ်တမ်းကို အချိန်အကန့်အသတ်မရှိဘဲ ထိန်းသိမ်းထားနိုင်သည်။

မှတ်တမ်းများ ဆက်လက်ထားရှိခြင်းနှင့် စပ်လျဉ်း၍ ပြည်နယ်ဥပဒေကို (RCW) ဝါရှင်တန်၏ အခန်း ၄၀.၁၄ ပြင်ဆင်တည်းဖြတ်ထားသော ဥပဒေတွင် ထည့်သွင်းထားပါသည်။ ဝါရှင်တန်ပြည်နယ် အတွင်းဝန်၊ မော်ကွန်းတိုက်နှင့် မှတ်တမ်းများ စီမံခန့်ခွဲရေး ဌာနခွဲက ခရိုင်က မည်မျှကြာအောင် မှတ်တမ်းများကို ထိန်းသိမ်းရမည့်ဆိုသည့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ကြေညာပါသည်။

# အထူးပညာရေး အငြင်းပွားမှု ပြေလည်အောင် ဖြေရှင်းပေးမှု လုပ်ထုံးလုပ်နည်းများ

သင့်ကလေး၏ အထူးပညာရေး အစီအစဉ်၏ ရှုထောင့်အလုံးစုံတွင် သင်သည် အရေးကြီးသည့် ပါဝင်သူဖြစ်သည်။ ဤပါဝင်မှုသည် သင့်ကလေး၏ ကနဦး လွှဲပြောင်းမှု၌ စတင်ပါသည်။ သင့်ကလေး၏ အထူးပညာရေး အစီအစဉ်ကို အကျိုးသက်ရောက်စေသည့် သဘောထားကွဲလွဲမှုများကို ဖြေရှင်းရန် အတူတကွ ကြိုးပမ်းလုပ်ကိုင်ကြရန် သင်နှင့် ခရိုင်ကို တိုက်တွန်းပါသည်။ သင်နှင့် သင်၏ကျောင်းသည် သဘောထားကွဲလွဲမှုများကို မဖြေရှင်းနိုင်သည့်အခါ အငြင်းပွားမှု ဖြေရှင်းစရာ ပိုမိုတရားဝင်သည့် ရွေးစရာများ ရရှိနိုင်ပါသည်။ အဆိုပါ ရွေးချယ်စရာများသည် ဖျန်ဖြေခြင်း၊ လူမှုအသိုင်းအဝိုင်း တိုင်ကြားချက်များနှင့် သမာသမတ်ကျသော ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုများ ဖြစ်ကြသည်။

# ဖျန်ဖြေခြင်း

## 34 CFR § 300.506; WAC 392-172A-05060–05075

### အထွေထွေ

ဖျန်ဖြေသည့် ဝန်ဆောင်မှုများသည် သင်အကုန်အကျ မခံရဘဲ သို့မဟုတ် ခွဲခြားဖော်ထုတ်ခြင်း၊ အကဲဖြတ်စစ်ဆေးခြင်း၊ ပညာရေး နေရာချထားမှု အပါအဝင် ပြဿနာများကို ပြေလည်အောင်ဖြေရှင်းရန် ခရိုင်က ကူညီရန်နှင့် သင့်ကလေးအတွက် FAPE အထောက်အပံ့နှင့် ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုကို တောင်းဆိုသည့် အခါတိုင်း ရရှိနိုင်ပါသည်။ ဖျန်ဖြေခြင်းသည် ဆန္ဒအလျောက်ဖြစ်ပြီး ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုအတွက် သင်၏အခွင့်အရေးကို ငြင်းပယ်ရန် သို့မဟုတ် နှောင့်နှေးစေရန် သို့မဟုတ် IDEA ၏ အပိုင်းခ အရ ပေးနိုင်သည့် အခြားအခွင့်အရေးတစ်ခုခုကို ငြင်းပယ်ရန် အသုံးမပြုနိုင်ပါ။ ဖျန်ဖြေခြင်း အပိုင်းများကို သင်နှင့်ခရိုင် အဆင်ပြေသည့် နေရာတစ်နေရာ၌ အချိန်မီ စီစဉ်ရေးဆွဲထားပါသည်။

သင်၏မိခင်ဘာသာစကားသည် အင်္ဂလိပ်ဘာသာ မဟုတ်ပါက သို့မဟုတ် ထိုသို့ပြုလုပ်ရန် မဖြစ်နိုင်ပါက တောင်းဆိုသည့်အခါ သင်သည် အခြားဆက်သွယ်မှု ပုံစံကို အသုံးပြုပါက ဖျန်ဖြေခြင်း ရရှိနိုင်ပါသည်။

မပါဝင်သည့် အဖွဲ့ဖြင့် ဖျန်ဖြေခြင်း လုပ်ငန်းစဉ်၊ ပြည့်မီရန် အခွင့်အလမ်း၊ သင့်အတွက် အဆင်ပြေသည့် အချိန်နှင့်နေရာ၌ အသုံးမပြုရန် ရွေးချယ်သော မိဘများကို ပေးစွမ်းသည့် လုပ်ထုံးလုပ်နည်းများကို ကျောင်းခရိုင်က ရေးဆွဲနိုင်သည်။

1. ပြည်နယ်တွင် သင့်လျော်သည့် အခြားအငြင်းပွားမှု ဆုံးဖြတ်ချက် အဖွဲ့အစည်းတစ်ခု သို့မဟုတ် မိဘလေ့ကျင့်သင်ကြားမှုနှင့် အချက်အလက်စင်တာ သို့မဟုတ် လူမှုအသိုင်းအဝိုင်း မိဘရင်းမြစ်စင်တာဖြင့် စာချုပ်ချုပ်ထားသူနှင့်
2. အကျိုးကျေးဇူးများနှင့် သင့်အတွက် ဖျန်ဖြေခြင်းလုပ်ငန်းစဉ် အသုံးပြုခြင်းကို မည်သူက ရှင်းပြ၍ တိုက်တွန်းမည်နည်း။

## ဖျန်ဖြေပေးသူ၏ သမာသမတ်ကျမှု

ထိရောက်သည့် ဖျန်ဖြေနည်းလမ်းများတွင် အရည်အချင်းပြည့်မီ၍ သမာသမတ်ကျပြီး လေ့ကျင့်ထားသော ပုဂ္ဂိုလ်တစ်ဦးက ဖျန်ဖြေခြင်းကို စီမံဆောင်ရွက်ပါသည်။ အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးမှုနှင့် စပ်လျဉ်း၍ ဥပဒေနှင့် စည်းမျဉ်းများတွင်လည်း အဆိုပါပုဂ္ဂိုလ်က နှံ့စပ်ရမည်။ OSPI သည် ဖျန်ဖြေမှုများ ဆောင်ရွက်ရန် ပြင်ပအေဂျင်စီတစ်ခုနှင့် စာချုပ်ချုပ်ဆိုပါသည်။ အဆိုပါအေဂျင်စီက ဖျန်ဖြေပေးသူများ စာရင်းကို ထိန်းသိမ်းပါသည်။ ဖျန်ဖြေပေးသူများကို အလျဉ်းသင့်သလို လှည့်၍ သို့မဟုတ် အခြားဘက်မလိုက်သည့်ပုံစံဖြင့် တာဝန်သတ်မှတ်ပေးပါသည်။ ဖျန်ဖြေပေးသူသည် (၁) ဖျန်ဖြေခြင်း လုပ်ငန်းစဉ်၏ အဓိကဖြစ်သည့် ကလေးအတွက် ခရိုင်ဝန်ဆောင်မှုများ ပံ့ပိုးပေးသော OSPI, ခရိုင် သို့မဟုတ် အခြားပြည်နယ် အေဂျင်စီ၏ ဝန်ထမ်းတစ်ဦး မဖြစ်ရပါ။ (၂) ကိုယ်ရေးကိုယ်တာ သို့မဟုတ် ပညာရပ်ဆိုင်ရာ အကျိုးစီးပွားဝိရောဓိဖြစ်မှု မရှိရပါ။ ဖျန်ဖြေခြင်း အပိုင်းများကို သင်နှင့်ခရိုင် အဆင်ပြေသည့် နေရာတစ်နေရာ၌ အချိန်မီ စီစဉ်ရေးဆွဲထားပါသည်။

## ဖျန်ဖြေမှုများတွင် လက်လှမ်းမီသော သဘောတူညီမှုများ

သင်နှင့် ခရိုင်သည် သဘောတူညီမှု ရောက်ရှိပါက သင်နှင့် ဥပဒေအရ စည်းနှောင်သော သဘောတူညီမှုများကို ချုပ်ဆိုရင် တရားဝင်လွှဲအပ်ထားသော ခရိုင်၏ ကိုယ်စားလှယ်တစ်ဦးက လက်မှတ်ရေးထိုးသည့် စာဖြင့်ရေးထားသော ဖျန်ဖြေခြင်း သဘောတူညီမှုဖြင့် ၎င်းကို မှတ်တမ်းတင်ရမည်။ ဖျန်ဖြေစဉ်အတွင်း ဆွေးနွေးမှုများသည် လျှို့ဝှက်ဖြစ်ပြီး မည်သည့် ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု သို့မဟုတ် ဗဟိုအစိုးရတရားရုံး သို့မဟုတ် ဝါရှင်တန်ပြည်နယ် တရားရုံး၏ တရားမရေးရာ ဆက်လက်ဆောင်ရွက်မှုများတွင်မဆို အထောက်အထားအဖြစ် အသုံးပြု၍မရနိုင်ပါ။ ၎င်းကို စာဖြင့်ရေးသားသော သဘောတူညီမှုဖြင့် ဖော်ပြရမည်။ သို့သော် ဖျန်ဖြေခြင်း သဘောတူညီမှုကို အထောက်အထားအဖြစ် အသုံးပြုနိုင်ပါသည်။ ဖျန်ဖြေခြင်း သဘောတူညီမှုများကို ဥပဒေအရ စည်းနှောင်ပြီး အမေရိကန်ပြည်ထောင်စု၏ အခွင့်အာဏာရှိသော တရားစီရင်ပိုင်ခွင့်ရှိသည့် မည်သည့် ပြည်နယ်တရားရုံး သို့မဟုတ် ခရိုင်တရားရုံးတွင်မဆို အတည်ပြုသက်ရောက်နိုင်သည်။

# အထူးပညာရေး အသိုင်းအဝိုင်း တိုင်းကြားချက် စုံစမ်းစစ်ဆေးမှုများနှင့် ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုများအကြား ခြားနားချက်များ

IDEA ၏ အပိုင်းခအတွက် စည်းမျဉ်းများတွင် ပြည်နယ် တိုင်ကြားချက်များအတွက် မတူညီသော လုပ်ထုံးလုပ်နည်းများ (လူမှုအသိုင်းအဝိုင်း တိုင်ကြားချက်များ) နှင့် ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုများ ရှိကြသည်။ ကျောင်းခရိုင်၊ OSPI သို့မဟုတ် အခြားအများပြည်သူ အေဂျင်စီက အပိုင်းခ သတ်မှတ်ချက်၊ 34 CFR အပိုင်း ၃၀၀ သို့မဟုတ် IDEA ၏

အကောင်အထည်ဖော်ဆောင်သော ပြည်နယ် စည်းမျဉ်းများ အပိုင်းခ တွင် ပါဝင်သော ဗဟိုအစိုးရ စည်းမျဉ်းများကို ချိုးဖောက်ခဲ့ကြောင်း အခိုင်အမာ ပြောဆိုသော လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက OSPI နှင့်အတူ လူမှုအသိုင်းအဝိုင်း တိုင်ကြားချက်ကို တင်သွင်းနိုင်သည်။ တိုင်ကြားချက် တင်သွင်းသော လူပုဂ္ဂိုလ်၊ ကျောင်းခရိုင် သို့မဟုတ် တိုင်ကြားချက်ကို တုံ့ပြန်သည့် အခြားအေဂျင်စီက ပံ့ပိုးသည့် ချိုးဖောက်မှုများအကြောင်း အချက်အလက်များအပေါ် အခြေခံ၍ OSPI က လူမှုအသိုင်းအဝိုင်း တိုင်ကြားချက်များကို စုံစမ်းစစ်ဆေးပါသည်။ အခိုင်အမာ ပြောဆိုသည့် ချိုးဖောက်မှု တစ်နှစ်အတွင်း လူမှုအသိုင်းအဝိုင်း တိုင်ကြားချက်များ တင်သွင်းရမည်။

သင့်ကလေးအတွက် ခွဲခြားဖော်ထုတ်ခြင်း၊ အကဲဖြတ်စစ်ဆေးခြင်း သို့မဟုတ် ပညာရေး နေရာချထားမှု သို့မဟုတ် သင့်ကလေးအတွက် သင့်လျော်သည့် အခမဲ့ အများပြည်သူ ပညာရေး (FAPE) ပံ့ပိုးမှုနှင့် စပ်လျဉ်းသော ကိစ္စရပ်တစ်ခုခုနှင့် ပတ်သက်၍ သင် သို့မဟုတ် ကျောင်းခရိုင်ကသာ ထိုက်သင့်သည် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်များကို တင်သွင်းနိုင်ပါသည်။ လွတ်လပ်သော ပြည်နယ်အေဂျင်စီ တစ်ခုဖြစ်သည့် အုပ်ချုပ်ရေး ကြားနာမှုရုံးက ခန့်အပ်သော အုပ်ချုပ်ရေး ဥပဒေတရားသူကြီး (ALJ) တစ်ဦးက ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုများကို စီမံဆောင်ရွက်ပါသည်။ ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုများတွင် ယေဘုယျအားဖြင့် သက်သေများ၏ ထွက်ဆိုချက်နှင့် အထောက်အထား မိတ်ဆက် ပါဝင်ပါသည်။ အခိုင်အမာ ပြောဆိုထားသော ချိုးဖောက်မှု နှစ်နှစ်အတွင်း ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုများကို တင်သွင်းရမည်။ (မှားယွင်းစွာ တင်ပြခြင်း သို့မဟုတ် ထိမ်ချန်ထားသော အချက်အလက်များအတွက် ခြွင်းချက်အချို့နှင့်အတူ)

လူမှုအသိုင်းအဝိုင်း တိုင်ကြားချက်များနှင့် ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုများအတွက် အချိန်ကာလနှင့် လုပ်ထုံးလုပ်နည်းများကို အောက်တွင် ရှင်းပြထားပါသည်။

# လူမှုအသိုင်းအဝိုင်း တိုင်ကြားချက် လုပ်ထုံးလုပ်နည်းများ

## 34 CFR §§300.151–300.153; WAC 392-172A-05025–05045

OSPI တွင် ပြည်နယ် တိုင်ကြားချက်များကို ဖြေရှင်းခြင်းအတွက် လုပ်ထုံးလုပ်နည်းများ ရှိပါသည်။ လုပ်ထုံးလုပ်နည်းများကို ပြည်နယ် စည်းမျဉ်းများတွင် ထည့်သွင်းထားပြီး ပြည်နယ်တိုင်ကြားချက်များနှင့် စပ်လျဉ်းသော အချက်အလက်များကို ဝဘ်ဆိုက်တွင် ပံ့ပိုးထားပါသည်။

ခရိုင်၊ OSPI သို့မဟုတ် IDEA က လွှမ်းမိုးသော အခြား ပညာရေး အဖွဲ့အစည်းတစ်ခုခုက IDEA ၏ အပိုင်းခ၊ အပိုင်းခကို အကောင်အထည်ဖော်ဆောင်သော စည်းမျဉ်းများ သို့မဟုတ် လိုက်လျောညီထွေသော ပြည်နယ် စည်းမျဉ်းများကို ချိုးဖောက်ခဲ့သည်ဟု သင်၊ လူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက ထင်ပါက လူထုညွှန်ကြားမှု ကြီးကြပ်ရေးရုံး (OSPI)၊ အထူးပညာရေး၊ စာတိုက်သေတ္တာအမှတ် 47200, Olympia, WA 98504-7200 ထံ စာဖြင့်ရေးသား၍ တိုင်ကြားချက်ကို သင်က တိုင်သွင်းနိုင်ပါသည်။ ခရိုင် သို့မဟုတ် သင်တိုင်ကြားသည့် အခြားအေဂျင်စီထံ တိုင်ကြားချက်မိတ္တူကို သင်က ပံ့ပိုးရမည်။

### တိုင်ကြားချက် တင်သွင်းခြင်း៖

သင် သို့မဟုတ် တိုင်ကြားသော လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ရေးသားတိုင်ကြားချက်ကို လက်မှတ်ထိုးရမည်ဖြစ်ပြီး အောက်ပါအချက်အလက်များ ထည့်သွင်းရပါမည်။

- IDEA အပိုင်း ခ၏ သတ်မှတ်ချက်၊ အပိုင်းခကို အကောင်အထည်ဖော် ဆောင်ရွက်သော စည်းမျဉ်းများ၊ လိုက်လျောညီထွေသော ပြည်နယ်ဥပဒေ သို့မဟုတ် စည်းမျဉ်းများကို ခရိုင် သို့မဟုတ် အခြားအေဂျင်စီက ချိုးဖောက်ခဲ့ကြောင်း ထုတ်ပြန်ချက် သို့မဟုတ် ခရိုင် သို့မဟုတ် အခြားအေဂျင်စီက ဖျန်ဖြေမှု သို့မဟုတ် ဆုံးဖြတ်ချက် သဘောတူညီမှုကို အကောင်အထည်ဖော် မဆောင်ရွက်ကြောင်း ထုတ်ပြန်ချက်
- ခရိုင် သို့မဟုတ် အခြားအေဂျင်စီ၏ အမည်နှင့် လိပ်စာ
- တိုင်ကြားချက်သည် ကျောင်းသားတစ်ဦးကို သေချာစွာ ဖော်ပြထားပါက ကျောင်းသား၏ အမည်နှင့် ကျောင်းသားသည် အိုးအိမ်မဲ့ဖြစ်ပါက ဆက်သွယ်ရန် အချက်အလက်
- ကျောင်းသားတက်သည့် ကျောင်းအမည်
- တိကျသည့် အချက်အလက်များပါသည့် ပြဿနာ၏ ဖော်ပြချက်
- ဤအချက်အလက်ကို သိရှိပြီး တိုင်ကြားချက်ကို သင်တင်ချိန်၌ သင်ရရှိနိုင်သည့် အတိုင်းအတာအထိ ပြဿနာ၏ အဆိုပြုထားသော ဆုံးဖြတ်ချက်
- သင်၏အမည်၊ လိပ်စာနှင့် ဖုန်းနံပါတ်

အထက်ပါ သတ်မှတ်ချက်များကို ပြည့်မီ၍ တိုင်ကြားချက်ကို OSPI က လက်ခံရရှိသည့် နေ့ရက်မတိုင်မီ ချိုးဖောက်မှုသည် **တစ်နှစ်** ကျော်ဖြစ်ပွားခဲ့ခြင်း မဖြစ်ရပါ။

တိုင်ကြားချက် တိုင်သွင်းရန် သင်အသုံးပြုနိုင်သည့် နမူနာပုံစံကို OSPI က ရေးဆွဲခဲ့သည်။ ဤပုံစံကို OSPI – အထူးပညာရေး (Special Education) – လူမှုအသိုင်းအဝိုင်း တိုင်ကြားချက် တင်သည် (File a Community Complaint)– အမေးများသော မေးခွန်းများနှင့် တောင်းဆိုမှု ပုံစံများ ဝဘ်စာမျက်နှာတွင် ရရှိနိုင်ပါသည်။ ဤပုံစံကို သင်အသုံးပြုရန် မလိုအပ်ပါ။

## တိုင်ကြားချက် စုံစမ်းစစ်ဆေးမှုများ

အချိန်တိုးချဲ့ခြင်းကို ခွင့်မပြုပါက တိုင်ကြားချက်ကို လက်ခံရရှိပြီးနောက် ပြက္ခဒိန်ရက် ၆၀ တွင် OSPI က စုံစမ်းစစ်ဆေး၍ ရေးသားထားသော ဆုံးဖြတ်ချက်ကို ထုတ်ပြန်ရမည်။ ရက် ၆၀ အတွင်း OSPI သည် (၁) တိုင်ကြားချက်အတွက် တုံ့ပြန်မှုပံ့ပိုးရန် ခရိုင်ကို လိုအပ်ပါသည်။ (၂) တိုင်ကြားချက်တွင် အခိုင်အမာ ပြောဆိုမှုများနှင့် ပတ်သက်သော ထပ်ဆောင်းအချက်အလက်များ တင်သွင်းရန် အခွင့်အရေးကို သင် သို့မဟုတ် တိုင်ကြားသူထံ ပေးသည်။ (၃) OSPI က လိုအပ်သည်ဟု ဆုံးဖြတ်ပါက လွတ်လပ်သော ဆိုက်တွင်း စုံစမ်းစစ်ဆေးမှုကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်။ (၄) သက်ဆိုင်ရာ အချက်အလက်များအားလုံးကို သုံးသပ်ပြီး ခရိုင် သို့မဟုတ် အခြားအေဂျင်စီက IDEA အပိုင်းခနှင့် သက်ဆိုင်သော သတ်မှတ်ချက်ကို ချိုးဖောက်နေခြင်း ရှိမရှိ လွတ်လပ်စွာ စိစစ်တွက်ချက်မှု ပြုလုပ်သည်။

## စုံစမ်းစစ်ဆေးမှု၊ သက်တမ်းတိုးခြင်း၊ ရေးသားဆုံးဖြတ်ချက်

ပြက္ခဒိန် ရက် ၆၀ အချိန်ကန့်သတ်ချက်ကို အောက်ပါတို့ဖြစ်မှသာ တိုးချဲ့နိုင်ပါသည်။ (၁) သီးခြားတိုင်ကြားချက်တစ်ခုနှင့် စပ်လျဉ်း၍ ထူးခြားအခြေအနေများ ရှိမှသာ **သို့မဟုတ်** (၂) အငြင်းပွားမှုကို ဖြေရှင်းရန် ဖျန်ဖြေခြင်းဖြင့် သို့မဟုတ် အခြားအငြင်းပွားမှု ဆုံးဖြတ်ချက် နည်းလမ်းဖြင့် တိုင်ကြားချက်ကို ဖြေရှင်းရန် အချိန်တိုးရန် သင်နှင့် ကျောင်းခရိုင်က ဆန္ဒအလျောက် စာဖြင့်ရေးသား၍ သဘောတူလက်ခံရသည်။

ရေးသားထားသော ဆုံးဖြတ်ချက်ကို သင် သို့မဟုတ် တိုင်ကြားချက်တင်သော လူပုဂ္ဂိုလ်နှင့် ကျောင်းခရိုင်ထံ ပေးပို့ပါသည်။ ရေးသားထားသော ဆုံးဖြတ်ချက်သည် အခိုင်အမာ စွပ်စွဲပြောဆိုမှုတိုင်းကို ဖြေရှင်းရမည်။ ချိုးဖောက်မှု ဖြစ်ပွားခဲ့ပါက

အခိုင်အမာ စွပ်စွဲပြောဆိုမှုတိုင်းအတွက် အချက်အလက် တွေ့ရှိချက်၊ သုံးသပ်ချက်များ၊ ဆုံးဖြတ်ချက်အတွက် အကြောင်းရင်းများနှင့် တိုင်ကြားချက်ကို ဖြေရှင်းရန် လိုအပ်သည်ဟု ယူဆရသော ကျိုးကြောင်းသင့်လျော်သည့် ပြုပြင်တည့်မတ်ပေးသော ဆောင်ရွက်ချက်များကို ရေးသားထားသော ဆုံးဖြတ်ချက်က ဖော်ပြရပါမည်။

## တိုင်ကြားချက် ကုစားမှုများ

OSPI က ၎င်း၏ တိုင်ကြားမှု လုပ်ငန်းစဉ်၊ ဆုံးဖြတ်ချက် ဖြေရှင်းမှုများမှတစ်ဆင့် သင့်လျော်သည့် ဝန်ဆောင်မှုများ ပံ့ပိုးရန် ချိုးဖောက်မှု သို့မဟုတ် ပျက်ကွက်မှု တွေ့ရှိသည့်အခါ

1. ငွေပြန်ထုတ်ပေးမှု ချီးမြှင့်ခြင်း သို့မဟုတ် ကျောင်းသား(များ)၏ လိုအပ်သည့် အခြား သင့်လျော်သော ပြုပြင်တည့်မတ်ပေးသော ဆောင်ရွက်ချက် သင့်လျော်သည့်အတိုင်း အပါအဝင် အဆိုပါ ဝန်ဆောင်မှုများကို ငြင်းပယ်ခြင်း ကုစားသည့် နည်းလမ်းနှင့်
2. ကျောင်းသားအားလုံးအတွက် သင့်လျော်သည့် အနာဂတ် အထူးပညာရေး ဝန်ဆောင်မှု အထောက်အပံ့

## အထူးပညာရေး လူမှုအသိုင်းအဝိုင်း တိုင်ကြားချက်များနှင့် ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုများ

ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုလည်း ဖြစ်သော လူမှုအသိုင်းအဝိုင်း တိုင်ကြားချက်ကို လက်ခံရရှိပါက သို့မဟုတ် တိုင်ကြားချက်တွင် ပြဿနာများစွာ ပါဝင်ပါက၊ အဆိုပါ ပြဿနာတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ပြဿနာများသည် ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု၏ အစိတ်အပိုင်းဖြစ်ပါက OSPI က ကြားနာမှု ပြီးသည့်တိုင်အောင် ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုတွင် ဖြေရှင်းသည့် တိုင်ကြားချက် အစိတ်အပိုင်းတစ်ခုခုကို ဘေးဖယ်ထား (မစုံစမ်းစစ်ဆေး) ရမည်။ ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု၏ အစိတ်အပိုင်း မဟုတ်သော တိုင်ကြားချက်ပါ ပြဿနာ တစ်ရပ်ရပ်ကို တိုင်ကြားချက် အချိန်ကာလအတွင်း ဖြေရှင်းရမည်။

တူညီသည့် အဖွဲ့များ ပါဝင်သော ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုတွင် တိုင်ကြားချက်တွင် တင်ပြခဲ့သော ပြဿနာရပ်ကို ယခင်က ဆုံးဖြတ်ခဲ့ပါက ကြားနာမှု ဆုံးဖြတ်ချက်သည် စည်းနှောင်ပြီး အဆိုပါပြဿနာကို စုံစမ်းစစ်ဆေးမရနိုင်ကြောင်း OSPI က တိုင်ကြားသူထံ အကြောင်းကြားရမည်။

ထိုက်သင့်သည့် လုပ်ငန်းစဉ် ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ခရိုင်က ပျက်ကွက်ခဲ့ကြောင်း အခိုင်အမာ ပြောဆိုသော တိုင်ကြားချက်ကို OSPI က ဖြေရှင်းရမည်။

# ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု လုပ်ထုံးလုပ်နည်းများ

## 34 CFR §§300.507-300.513; WAC 392-172A-05080–05125

### အထွေထွေ

သင့်ကလေး၏ ခွဲခြားဖော်ထုတ်မှု၊ အကဲဖြတ်စစ်ဆေးမှု သို့မဟုတ် ပညာရေး နေရာချထားမှု သို့မဟုတ် သင့်ကလေးအတွက် FAPE ထောက်ပံ့မှုနှင့် စပ်လျဉ်းသော ကိစ္စရပ်တစ်ခုခုနှင့် ပတ်သက်၍ သင် သို့မဟုတ် ကျောင်းခရိုင်က ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်ကို တင်သွင်းနိုင်သည်။ ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်ကို တင်သွင်းသည့်အခါ သို့မဟုတ် သင်က ဤအချက်အလက်ကို တောင်းဆိုသည့်အခါ ဧရိယာအတွင်းတွင် ရရှိနိုင်သည့် အခမဲ့

သို့မဟုတ် စရိတ်နည်းသည့် ဥပဒေနှင့် အခြား သက်ဆိုင်ရာ ဝန်ဆောင်မှုများအား ခရိုင်က သင့်ထံ အကြောင်းကြားရမည်။ ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု လုပ်ထုံးလုပ်နည်းများအတွက် "သင်" တွင် သင်က ရှေ့နေငှားရမ်းထားပါက သင်၏ရှေ့နေပါဝင်ပြီး ခရိုင်ကို ရှေ့နေတစ်ဦးက ကိုယ်စားပြုပါက "ခရိုင်" တွင် ခရိုင်ရှေ့နေ ပါဝင်ပါသည်။

## တင်သွင်းခြင်း

ကြားနာမှု တောင်းဆိုရန် သင် သို့မဟုတ် ခရိုင်က အခြားအဖွဲ့ထံ ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက် တင်သွင်းရမည်။ အဆိုပါတောင်းဆိုမှုတွင် အောက်တွင် စာရင်းပြုစုထားသော အကြောင်းအရာအားလုံး ပါဝင်ရမည်ဖြစ်ပြီး လျှို့ဝှက်ထားရမည်။

သင် သို့မဟုတ် ခရိုင် မည်သူက တောင်းဆိုချက်ကို တင်သွင်းခဲ့ပါစေ OSPI ၏ ခန့်အပ်ခံရသူ၊ (OAH) အုပ်ချုပ်ရေး ကြားနာမှုရုံး၊ ကြားနာမှု တောင်းဆိုချက် မိတ္တူကိုလည်း အောက်ပါလိပ်စာဖြင့် ပို့ပိုးရမည်။

Office of Administrative Hearings
600 University Street, Suite 1500
Seattle, WA 98101-3126
ဖက်စ် - 206-587-5135

ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်တွင် အောက်ပါတို့ ပါဝင်ရမည်။

1. ကျောင်းသားအမည်
2. ကျောင်းသားနေထိုင်သည့် လိပ်စာ
3. ကျောင်းသား၏ ကျောင်းအမည်
4. ကျောင်းသားသည် အိုးအိမ်မဲ့ ကလေးငယ် သို့မဟုတ် လူငယ် ဖြစ်ပါက ကျောင်းသား၏ ဆက်သွယ်ရန် အချက်အလက်
5. ပြဿနာနှင့် ပတ်သက်သော အချက်အလက်များ ပါဝင်သည့် ပြဿနာ၏ သဘောသဘာဝ ဖော်ပြချက်နှင့်
6. သင် သို့မဟုတ် ခရိုင်က ထိုအချိန်၌ သိရှိပြီး ရရှိနိုင်သော အတိုင်းအတာအထိ ပြဿနာ၏ အဆိုပြုထားသော ဆုံးဖြတ်ချက်

## ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်နှင့် ပတ်သက်သော ကြားနာမှု မတိုင်မီ လိုအပ်သည့် အကြောင်းကြားစာ

သင် သို့မဟုတ် ခရိုင်က အခြားအဖွဲ့နှင့်အတူ ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာချက် တောင်းဆိုမှုကို ဖြည့်ဆည်းသည့်တိုင်အောင် သင် သို့မဟုတ် ခရိုင်က ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာချက်ကို မရရှိနိုင်ပါ။ အထက်တွင် စာရင်းပြုစုထားသော အချက်အလက် ပါဝင်သည့် တောင်းဆိုချက် မိတ္တူဖြင့် OAH ကို ပို့ပိုးနိုင်သည်။

## ကြားနာခြင်း တောင်းဆိုချက်၏ ပြည့်စုံလုံလောက်မှု

ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာချက် တောင်းဆိုမှု ရှေ့ဆက်ဆောင်ရွက်ရန် လုံလောက်ဟု ယူဆရမည်။ *လုံလောက်* ဆိုသည်မှာ *တင်သွင်းခြင်း* အရ တောင်းဆိုချက်သည် အထက်တွင် ဖော်ပြထားသည့် အကြောင်းအရာ သတ်မှတ်ချက်များ ပြည့်မီခြင်းကို ဆိုလိုပါသည်။ အဖွဲ့သည် ALJ နှင့် အခြားအဖွဲ့ထံ ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာချက် တောင်းဆိုမှုကို

ပြက္ခဒိန်ရက် ၁၅ ရက်အတွင်း စာရေးသား အကြောင်းကြားခြင်းကို လက်ခံမရရှိခဲ့လျှင်နှင့် လက်ခံရရှိသော အဖွဲ့က ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်သည် လောက်လုံမှုမရှိဟု ယုံကြည်ပါက ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာချက် တောင်းဆိုမှုကို လုံလောက်ဟု ယူဆရပါမည်။

မလုံလောက် သတိပေးစာ လက်ခံရရှိပြီး ပြက္ခဒိန်ရက် ငါးရက်အတွင်း ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာချက် တောင်းဆိုမှုသည် အထက်ပါ စာရင်းပြုစုထားသော သတ်မှတ်ချက်များ ပြည့်မီမှု ရှိမရှိ ALJ က ဆုံးဖြတ်ရမည်ဖြစ်ပြီး သင်နှင့် ခရိုင်ထံ စာရေးသား၍ ချက်ချင်း အကြောင်းကြားရမည်။

## ကြားနာခြင်း တောင်းဆိုချက်၏ ပြင်ဆင်ဖြည့်စွက်ချက်

သင် သို့မဟုတ် ခရိုင်က အောက်ပါတို့ဖြစ်မှသာ ကြားနာမှု တောင်းဆိုချက်တွင် အပြောင်းအလဲများ ပြုလုပ်နိုင်ပါသည်။

1. အခြားအဖွဲ့က စာဖြင့်ရေးသား၍ အပြောင်းအလဲများကို အတည်ပြုပြီး အောက်တွင် ဖော်ပြထားသော ဆုံးဖြတ်ချက် အစည်းအဝေး မှတစ်ဆင့် ကြားနာမှု တောင်းဆိုချက်ကို ဖြေရှင်းရန် အခွင့်အလမ်း ပေးပါသည်။ (သင်၊ မိဘက ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုကို တောင်းဆိုခဲ့ပါက) သို့မဟုတ်
2. ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု မစတင်ခင် ငါးရက်ထက်နောက်မကျဘဲ ကြားနာမှု အရာရှိက အပြောင်းအလဲများအတွက် ခွင့်ပြုချက်ကို လက်ခံပါသည်။

သင်သည် ကြားနာမှုကို တောင်းဆိုသောအဖွဲ့ဖြစ်ပြီး သင်က ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်အတွက် အပြောင်းအလဲများ ပြုလုပ်ပါက ဆုံးဖြတ်ချက် အစည်းအဝေးအတွက် အချိန်ကာလနှင့် ဆုံးဖြတ်ချက်အတွက် အချိန်ကာလ (ကြည့်ရန် - *ဆုံးဖြတ်ချက် လုပ်ငန်းစဉ်*) သည် ပြင်ဆင်ထားသည့် တောင်းဆိုချက်ကို တင်သွင်းသည့် နေ့ရက်တွင် သို့မဟုတ် ALJ က တောင်းဆိုချက်ကို ခွင့်ပြုသော နေ့ရက်တွင် ပြန်လည် စတင်ပါသည်။

## ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်အတွက် ခရိုင်တုံ့ပြန်ချက်

သင်၏ ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်တွင် ပါဝင်သော အကြောင်းအရာနှင့် စပ်လျဉ်း၍ ခရိုင်သည် *ကြိုတင်ရေးသားထားသော အကြောင်းကြားစာ* ခေါင်းစဉ်အရ ဖော်ပြထားသည့်အတိုင်း သင့်အတွက် ကြိုတင်ရေးသားထားသော အကြောင်းကြားစာကို မပေးပို့ခဲ့ပါက ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်ကို လက်ခံရရှိပြီး ပြက္ခဒိန်ရက် ၁၀ ရက်အတွင်း ခရိုင်က အောက်ပါ ပါဝင်သည့် တုံ့ပြန်မှု သင့်ထံ ပေးပို့ရမည်။

1. ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်တွင် ဖော်ထုတ်သည့် ဆောင်ရွက်ချက်ကို လုပ်ဆောင်ရန် ခရိုင်က အဘယ်ကြောင့် အဆိုပြုရသည့် သို့မဟုတ် ငြင်းဆန်ရသည့် ရှင်းပြချက်
2. အဆိုပါ ရွေးချယ်စရာများကို ပယ်ဖျက်ခဲ့သည့် အကြောင်းအရင်းများနှင့် သင့်ကလေး၏ IEP အဖွဲ့ ထည့်သွင်းစဉ်းစားသော အခြားရွေးချယ်စရာများ ဖော်ပြချက်
3. အကဲဖြတ်စစ်ဆေးခြင်း လုပ်ထုံးလုပ်နည်း၊ စိစစ်ချက်၊ မှတ်တမ်း၊ အဆိုပြုသော သို့မဟုတ် ငြင်းပယ်သော လုပ်ဆောင်ချက်အတွက် အခြေခံအတိုင်း ခရိုင်က အသုံးပြုသည့် အစီရင်ခံစာ တစ်ခုချင်း၏ ဖော်ပြချက်နှင့်
4. ခရိုင်၏ အဆိုပြုသော သို့မဟုတ် ငြင်းပယ်သော လုပ်ဆောင်ချက်နှင့် သက်ဆိုင်သည့် အခြားအကြောင်းများ၏ ဖော်ပြချက်

အထက်ပါ အချက် ၁-၄ ပါ အချက်အလက်များ သင့်ကို ပံ့ပိုးပေးသော်လည်း သင်၏ ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်သည် မလုံလောက်ကြောင်း ခရိုင်က ပြောဆိုနိုင်ပါသေးသည်။

## ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်အတွက် အခြားတစ်ဖက်အဖွဲ့၏ တုံ့ပြန်မှု

အပိုင်း *စည်းကမ်းအတွက် ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု လုပ်ထုံးလုပ်နည်းများ* အရ ဆွေးနွေးခဲ့သည့် စည်းကမ်းအတွက် သွက်လက်မြန်ဆန်သော ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုမှလွဲ၍ ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်ကို လက်ခံသော အဖွဲ့သည် တောင်းဆိုချက်ကို လက်ခံရရှိသော ပြက္ခဒိန်ရက် ၁၀ ရက်အတွင်း တောင်းဆိုချက်ပါ ပြဿနာများကို ဖြေရှင်းသည့် တုံ့ပြန်ချက်ကို တစ်ဖက်အဖွဲ့ထံ ပေးပို့ရမည်။ ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်သည် မလုံလောက်က တစ်ဖက်ဖက်က ပြောဆိုနိုင်ပါသေးသည်။

## နမူနာပုံစံ

### 34 CFR §300.509; WAC 392-172A-05085

ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုအတွက် တောင်းဆိုချက်ကို တင်သွင်းရာတွင် သင့်ကို ကူညီပေးရန် နမူနာ ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်ပုံစံကို OSPI ရေးဆွဲခဲ့သည်။ ဤပုံစံကို [OSPI – အထူးပညာရေး (Special Education) – ထိုက်သင့်သည့် လုပ်ငန်းစဉ် (Request a Due) ကြားနာမှု တောင်းဆိုချက် (Process Hearing) – အမေးများသော မေးခွန်းများနှင့် တောင်းဆိုမှု ပုံစံများ ဝဘ်စာမျက်နှာ] တွင် ရရှိနိုင်ပါသည်။.

ဤပုံစံကို သင်အသုံးပြုရန် မလိုအပ်ပါ။ သို့သော် ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်တွင် လိုအပ်သည့် အချက်အလက်အားလုံး မပါဝင်ပါက ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုအတွက် သင်၏ အခွင့်အရေးကို ငြင်းဆန်ခြင်း သို့မဟုတ် နှောင့်နှေးခြင်း ဖြစ်နိုင်သည်။ သင့်ခရိုင်၏ အထူးပညာရေး ဌာနမှ ကြားနာမှု တောင်းဆိုချက်ပုံစံ မိတ္တူကိုလည်း သင်က ရရှိနိုင်သည်။

## ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု ဆိုင်းငံ့ထားစဉ် ကျောင်းသား နေရာချထားမှု

### 34 CFR §300.518; WAC 392-172A-05125

ခေါင်းစဉ် *အထူးပညာရေးအတွက် အရည်အချင်း ပြည့်မီသော ကျောင်းသားများအတွက် စည်းကမ်း လုပ်ထုံးလုပ်နည်းများ* အရ အောက်တွင် ပံ့ပိုးထားသည့်အတိုင်းမှတစ်ပါး ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်ကို တစ်ဖက်အဖွဲ့ထံ ပေးပို့သည်နှင့် ဆုံးဖြတ်ချက် လုပ်ငန်းစဉ် အချိန်ကာလအတွင်းနှင့် သမာသမတ်ကျသည့် ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု သို့မဟုတ် ALJ ၏ ဆုံးဖြတ်ချက်ကို အယူခံဝင်မှု ပါဝင်သည့် တရားရုံး ဆောင်ရွက်ချက်တစ်ခုခု၏ ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းစဉ် သင်နှင့် ခရိုင်က သဘောတူထားခြင်းမရှိပါက သင့်ကလေးသည် ၎င်း၏ လက်ရှိ ပညာရေး နေရာချထားမှုတွင် ဆက်ရှိနေရမည်။

ထိုက်သင့်သည့် လုပ်ငန်းစဉ် ဆောင်ရွက်မှုများအတွင်း ကျောင်းသား၏ အခြေအနေသည် လိုအပ်သည့်အတိုင်း သို့မဟုတ် လိုအပ်သလို အစည်းအဝေးမှ IEP အဖွဲ့ကို မတားမြစ်ပါ။ အဆိုပါ အပြောင်းအလဲများသည် အငြင်းပွားမှုမရှိပါက IEP အဖွဲ့သည် ကျောင်းသား၏ IEP ကို ပြင်ဆင်၍ အကောင်အထည်ဖော်နိုင်သည်။

ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်တွင် အများပြည်သူကျောင်းအတွက် ကနဦး ဝင်ခွင့်အတွက် လျှောက်ထားမှု ပါဝင်ပါက အဆိုပါ ဆောင်ရွက်ချက်များအားလုံး ပြီးမြောက်သည်အထိ သင်၏သဘောတူညီချက်ဖြင့် သင့်ကလေးကို ပုံမှန် အများပြည်သူကျောင်း အစီအစဉ်တွင် ထားရမည်။

ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်တွင် IDEA ၏ အပိုင်းခအရ ကနဦး ဝန်ဆောင်မှု အထောက်အပံ့ ပါဝင်ပါက သင့်ကလေးသည် သုံးနှစ်ရှိခဲ့ပြီဖြစ်သောကြောင့် IDEA အပိုင်း ဂမှ IDEA အပိုင်းခအရ ဆောင်ရွက်ခြင်းမှ ကူးပြောင်းပြီး အပိုင်းဂ ဝန်ဆောင်မှုများအတွက် အရည်အချင်း မပြည့်မီတော့သော သင့်ကလေးအတွက် သူ သို့မဟုတ် သူမ လက်ခံရရှိနေသည့် အပိုင်းဂ ဝန်ဆောင်မှုများကို ခရိုင်က ပံ့ပိုးရန် မလိုတော့ပါ။ ဆက်လက်ဆောင်ရွက်မှု ရလဒ်ကို ဆိုင်းငံ့လျက် IDEA အပိုင်းခအရ သင့်ကလေးသည် အရည်အချင်း ပြည့်မီသည်ဟု တွေ့ရှိရပြီး ပထမဆုံးအကြိမ် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများ လက်ခံရရှိရန် သင့်ကလေးအတွက် သဘောတူညီချက် ပေးပါက သင်နှင့် ခရိုင်အကြား အငြင်းပွားမှု မရှိသော အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများကို ခရိုင်က ပံ့ပိုးရမည်။

နေရာချထားမှု အပြောင်းအလဲသည် သင့်လျော်ကြောင်း ALJ က ဆုံးဖြတ်ချက်ကို ရောက်ရှိပါက ထိုက်သင့်သည့် လုပ်ငန်းစဉ် ဆုံးဖြတ်ချက်၏ တရားရုံး အယူခံတစ်ခုခုအတွင်း နေရာချထားမှု ရည်ရွယ်ချက်များအတွက် အဆိုပါ နေရာချထားမှုနှင့် စပ်လျဉ်းသော ဆုံးဖြတ်ချက်ကို သင်နှင့် ကျောင်းခရိုင်အကြား သဘောတူညီချက်အဖြစ် မှတ်ယူရမည်။

# ဆုံးဖြတ်ချက် လုပ်ငန်းစဉ်

## 34 CFR §300.510; WAC 392-172A-05090

## ပြေလည်အောင် ဖြေရှင်းပေးမှု အစည်းအဝေး

သင်သည် ခရိုင်နှင့် OAH နှင့်အတူ သင်၏ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်ကို တင်သွင်းခဲ့ပြီးနောက် ပြက္ခဒိန်ရက် ၁၅ရက်အတွင်း ခရိုင်က သင်နှင့် သင်၏ ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်တွင် ဖော်ထုတ်ခဲ့သည့် အချက်အလက်များအား တိကျစွာ သိရှိသည့် IEP ၏ သက်ဆိုင်ရာ အဖွဲ့ဝင် သို့မဟုတ် အဖွဲ့ဝင်များနှင့်အတူ အစည်းအဝေး ပြုလုပ်ရမည်။ သင်နှင့် ခရိုင်တို့က ဖျန်ဖြေရန် သဘောမတူညီပါက သို့မဟုတ် ဆုံးဖြတ်ချက် အစည်းအဝေးကို စွန့်လွှတ်ရန် သဘောမတူညီပါက ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု အချိန်ကာလ မစတင်မီ ဤအစည်းအဝေး ပြုလုပ်ရမည်။ အစည်းအဝေးသည် -

1. ခရိုင်ကိုယ်စား ဆုံးဖြတ်ချက်ချသည့် လုပ်ပိုင်ခွင့်ရှိသော ခရိုင်ကိုယ်စားလှယ်တစ်ဦး ပါဝင်ရမည်။
2. ရှေ့နေတစ်ဦး သင်နှင့်အတူမပါရှိက ခရိုင်ရှေ့နေတစ်ဦး ပါဝင်၍မရပါ။

အစည်းအဝေး၏ ရည်ရွယ်ချက်မှာ သင့်အတွက် သင်၏ ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်နှင့် တောင်းဆိုချက်၏ အခြေခံကို ဖြစ်စေသည့် အချက်အလက်များကို ဆွေးနွေးရန် ဖြစ်သည်။ သို့မှသာ ခရိုင်က အငြင်းပွားမှုကို ဖြေရှင်းရန် အခွင့်အရေးရှိပါမည်။ သင်နှင့် ခရိုင်တို့က ဆုံးဖြတ်ချက် အစည်းအဝေးကို တက်ရောက်ရန် သက်ဆိုင်ရာ IEP အဖွဲ့ဝင်များကို ဆုံးဖြတ်ရမည်။

ဆုံးဖြတ်ချက် အစည်းအဝေးသည် အောက်ပါတို့ဖြစ်လျှင် မလိုအပ်ပါ။

1. သင်နှင့် ခရိုင်တို့က အစည်းအဝေးကို စွန့်လွှတ်ကြောင်း စာဖြင့်ရေးသား သဘောတူညီရသည်။ သို့မဟုတ်
2. ခေါင်းစဉ် *ဖျန်ဖြေခြင်း* အရ ဖော်ပြထားသည့်အတိုင်း သင်နှင့်ခရိုင်တို့က ဖျန်ဖြေခြင်း လုပ်ငန်းစဉ်ကို အသုံးပြုရန်

သဘောတူညီပါသည်။

## ပြေလည်အောင် ဖြေရှင်းပေးမှုကာလ

ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်ကို ခရိုင်နှင့် OAH ထံ ပံ့ပိုးပေးလျက် သင့်အား ပြက္ခဒိန်ရက် ၃၀ အတွင်း သင်၏စိတ်ကျေနပ်မှုအတွက် ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်ကို ခရိုင်က မဖြေရှင်းပေးခဲ့ပါက ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု ဖြစ်ပွားနိုင်ပါသည်။

အောက်တွင် ဖော်ပြထားသည့်အတိုင်း ပြက္ခဒိန်ရက် ၃၀ ရက် ဆုံးဖြတ်ချက် ကာလတွင် ပြုလုပ်ခဲ့သည့် ချိန်ညှိမှုများအတွက် ခြွင်းချက်အချို့နှင့်အတူ ပြက္ခဒိန်ရက် ၃၀ အကုန် ဆုံးဖြတ်ချက်ကာလ၌ အပြီးသတ် ဆုံးဖြတ်ချက်ကို ထုတ်ပေးခြင်းအတွက် ပြက္ခဒိန်ရက် ၄၅ ရက် အချိန်ကာလ စတင်ပါသည်။

ဆုံးဖြတ်ချက် လုပ်ငန်းစဉ်ကို စွန့်လွှတ်ရန် သို့မဟုတ် ဖျန်ဖြေခြင်းကို အသုံးပြုရန် သင်နှင့်ခရိုင် နှစ်ဦးလုံးက သဘောမတူခဲ့ပါက ဆုံးဖြတ်ချက် အစည်းအဝေးတွင် ပါဝင်ရန် သင်၏ပျက်ကွက်မှုသည် ဆုံးဖြတ်ချက် လုပ်ငန်းစဉ်နှင့် ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုအတွက် အချိန်ကာလ နှောင့်နှေးပါမည်။

ကျိုးကြောင်းဆီလျော်သည့် အားထုတ်မှုများ လုပ်ဆောင်ပြီး အဆိုပါ အားထုတ်မှုများ မှတ်တမ်းတင်ပြီးနောက် ဆုံးဖြတ်ချက် အစည်းအဝေးတွင် သင်၏ ပါဝင်ဆောင်ရွက်မှုကို ခရိုင်က မရရှိနိုင်ပါက ပြက္ခဒိန်ရက် ၃၀ ဆုံးဖြတ်ချက်ကာလ အဆုံး၌ ALJ က သင်၏ ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်ကို ပယ်ချကြောင်း ခရိုင်က တောင်းဆိုနိုင်သည်။ ဆုံးဖြတ်ချက် အစည်းအဝေးအတွက် အချိန်နှင့် နေရာအပေါ် နှစ်ဦးနှစ်ဖက် သဘောတူညီမှုကို စီစဉ်ရန် ကျောင်းခရိုင်က ၎င်း၏ အားထုတ်မှုများကို မှတ်တမ်းတင်ရမည်။ အထောက်အထားမှတ်တမ်းများတွင် အားထုတ်ကြိုးပမ်းမှုများ ပါဝင်ရသည်။ ဥပမာ-

1. တယ်လီဖုန်းခေါ်ဆိုမှုများ သို့မဟုတ် အားထုတ်ခေါ်ဆိုမှုများ၏ အသေးစိတ်မှတ်တမ်းများနှင့် အဆိုပါ ခေါ်ဆိုမှုများ၏ ရလဒ်များ
2. သင့်ထံသို့ ပေးပို့ခဲ့သော စာအဆက်အသွယ် မိတ္တူများနှင့် လက်ခံရရှိခဲ့သည့် တုံ့ပြန်မှုများနှင့်
3. သင်၏နေအိမ် သို့မဟုတ် အလုပ်သို့ လာရောက်ခဲ့သည့် အသေးစိတ်မှတ်တမ်းများနှင့် အဆိုပါ လာရောက်မှုများ၏ ရလဒ်များနှင့်

ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်ကို ခရိုင်နှင့် OAH ထံ ပံ့ပိုးပေးလျက် သင့်အား ပြက္ခဒိန်ရက် ၁၅ အတွင်း ခရိုင်က ဆုံးဖြတ်ချက် အစည်းအဝေးကို ကျင်းပရန် ပျက်ကွက်ပါက **သို့မဟုတ်** ခရိုင်က ဆုံးဖြတ်ချက် အစည်းအဝေးတွင် ပါဝင်ရန် ပျက်ကွက်ပါက ပြက္ခဒိန်ရက် ၄၅ ရက် ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု အချိန်ကာလကို စတင်ကြောင်း အမိန့်ပေး ALJ ကို သင်တောင်းဆိုနိုင်သည်။

## ပြက္ခဒိန်ရက် ၃၀ ပြေလည်အောင် ဖြေရှင်းပေးမှုကာလတွင် ပြင်ဆင်ချက်များ

သင်နှင့် ခရိုင်တို့က ဆုံးဖြတ်ချက် အစည်းအဝေးကို စွန့်လွှတ်ရန် စာဖြင့်ရေးသား သဘောတူညီပါက ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုအတွက် ပြက္ခဒိန်ရက် ၄၅ ရက် အချိန်ကာလသည် နောက်တစ်နေ့တွင် စတင်ပါသည်။

ဖျန်ဖြေခြင်း သို့မဟုတ် ဆုံးဖြတ်ချက် အစည်းအဝေး စတင်ပြီးနောက်နှင့် ပြက္ခဒိန်ရက် ၃၀ ဆုံးဖြတ်ချက်ကာ မစတင်မီ သင်နှင့် ခရိုင်တို့က မည်သည့် သဘောတူညီမှုမှ မဖြစ်နိုင်ကြောင်း စာဖြင့်ရေးသား သဘောတူညီပါက ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုအတွက် ပြက္ခဒိန်ရက် ၄၅ ရက် အချိန်ကာလသည် နောက်တစ်နေ့တွင် စတင်ပါသည်။

သင်နှင့်ခရိုင်တို့က ဖျန်ဖြေခြင်း လုပ်ငန်းစဉ်ကို အသုံးပြုရန် သဘောတူညီသော်လည်း သဘောတူညီမှု မရရှိသေးပါက ပြက္ခဒိန်ရက် ၃၀ ဆုံးဖြတ်ချက်ကာလ အဆုံး၌ သဘောတူညီမှု ရသည့်တိုင်အောင် နှစ်ဖက်စလုံးက ဖျန်ဖြေခြင်းကို ဆက်လက်လုပ်ဆောင်ရန် စာဖြင့်ရေးသား သဘောတူညီနိုင်ပါသည်။ သို့သော် သင်ကဖြစ်စေ ခရိုင်ကဖြစ်စေ ဖျန်ဖြေခြင်း လုပ်ငန်းစဉ်ကို ရပ်သိမ်းပါက ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုအတွက် ပြက္ခဒိန်ရက် ၄၅ ရက် အချိန်ကာလသည် နောက်တစ်နေ့တွင် စတင်ပါသည်။

## ရေးသားဖြေရှင်းရေး သဘောတူညီချက်

သင်၏ခရိုင်တို့က ဆုံးဖြတ်ချက် အစည်းအဝေး၌ သင်၏အငြင်းပွားမှုကို ဖြေရှင်းက သင်၏ခရိုင်တို့က အောက်ပါတို့ဖြစ်သည့် ဥပဒေအရ စည်းနှောင်ထားသော သဘောတူညီမှု ချုပ်ဆိုရမည်။

1. သင်နှင့် ခရိုင်ကို လိုက်နာဆောင်ရွက်ခွင့်ရှိသော ခရိုင်ကိုယ်စားလှယ်တစ်ဦးက လက်မှတ်ထိုးရသည်။
2. ဝါရှင်တန်ပြည်နယ် အခွင့်အာဏာရှိသော တရားစီရင်ပိုင်ခွင့်ရှိသည့် ပြည်နယ်တရားရုံး သို့မဟုတ် အမေရိကန်ပြည်ထောင်စု ခရိုင်တရားရုံး တစ်ခုခုတွင် အတည်ပြုသက်ရောက်နိုင်သည်။

## သဘောတူညီချက် စိစစ်ရေးကာလ

သင်နှင့် ခရိုင်တို့သည် ဆုံးဖြတ်ချက် အစည်းအဝေးကို သဘောတူညီပါက သင်နှင့် ခရိုင်နှစ်ဦးလုံးက သဘောတူညီချက်ကို လက်မှတ်ထိုးခဲ့ကြောင်း အလုပ်ဖွင့်ရက် သုံးရက်အတွင်း သင်ကဖြစ်စေ ခရိုင်ကဖြစ်စေ သဘောတူညီချက်ကို ပျက်ပြယ်နိုင်သည်။

# သမာသမတ်ကျသော ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု

## 34 CFR §300.511; WAC 392-172A-05080; WAC 192-172A-05090–05100; WAC 392-172A-05160

### အထွေထွေ

ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်ကို တင်သွင်းသည့်အခါတိုင်း အငြင်းပွားမှုတွင် ပါဝင်သော သင် သို့မဟုတ် ခရိုင်က သမာသမတ်ကျသော ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုအတွက် အခွင့်အရေး ရှိရမည်။

### အုပ်ချုပ်ရေး ဥပဒေတရားသူကြီး (ALJ)

အုပ်ချုပ်ရေး ကြားနာမှုရုံး (OAH) က ခန့်အပ်ထားသော အရည်အချင်းပြည့်မီသော လွတ်လပ်သည့် ALJ တစ်ဦးက ကြားနာမှုကို စီမံဆောင်ရွက်ပါမည်။

အနိမ့်ဆုံး၌ ALJ တစ်ဦးသည် -

1. OSPI ၏ ဝန်ထမ်းတစ်ဦး သို့မဟုတ် ပညာရေး သို့မဟုတ် ကလေးစောင့်ရှောက်မှု သက်ဆိုင်သည့် ခရိုင် မဖြစ်ရပါ။ သို့သော် လူပုဂ္ဂိုလ်သည် ALJ အဖြစ် တာဝန်ထမ်းဆောင်ရန် အေဂျင်စီက ပေးချေထားခြင်းကြောင့် အေဂျင်စီတစ်ခုတည်း၏ ဝန်ထမ်း မဟုတ်ရပါ။

2. ကြားနာမှုတွင် ALJ ၏ ဓမ္မဓိဋ္ဌာန်ကျမှုကို ဆန့်ကျင်သည့် ကိုယ်ရေးကိုယ်တာ သို့မဟုတ် ပညာရပ်ဆိုင်ရာ အကျိုးစီးပွား မရှိရပါ။
3. IDEA သတ်မှတ်ချက်များ၊ IDEA နှင့်သက်ဆိုင်သော ဗဟိုအစိုးရနှင့် ပြည်နယ် စည်းမျဉ်းများနှင့် ဗဟိုအစိုးရနှင့် ပြည်နယ်တရားရုံးများက IDEA ၏ ဥပဒေအရ ရှင်းလင်းချက်များကို သိရှိ၍ နားလည်သဘောပေါက်ရမည်။
4. သင့်လျော်သော စံနှုန်း ဥပဒေအရ အလေ့အထနှင့်အညီ ကြားနာမှုကို စီမံဆောင်ရွက်ရန်နှင့် ဆုံးဖြတ်ချက်များ ချမှတ်ရေးသားရန် သိရှိ၍ စွမ်းဆောင်ရွက်ရှိရမည်။

ပုဂ္ဂိုလ်တစ်ဦးချင်းအတွက် အရည်အချင်း ထုတ်ပြန်ချက် ပါဝင်သော ALJ အဖြစ် တာဝန်ထမ်းဆောင်သော လူပုဂ္ဂိုလ်များ၏ စာရင်းကို OSPI က ပံ့ပိုးရသည်။

### ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု၏ အကြောင်းအရာ ကိစ္စရပ်

ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုကို တောင်းဆိုသော အဖွဲ့က တစ်ဖက်အဖွဲ့က သဘောမတူပါက ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်တွင် မဖြေရှင်းခဲ့သော ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုရှိ ပြဿနာများကို မတင်ပြနိုင်ပါ။

### ကြားနာမှုတောင်းဆိုခြင်းအတွက် အချိန်ကာလ

သင် သို့မဟုတ် ခရိုင် ကြားနာမှု တောင်းဆိုချက်တွင် ဖော်ပြထားသည့် ပြဿနာရပ်များအကြောင်း သိခဲ့သည့် သို့မဟုတ် သိခဲ့သင့်သည့် နေ့ရက်မှ နှစ်နှစ်အတွင်း သင်၏ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်ကို သင် သို့မဟုတ် ခရိုင်က တင်သွင်းရမည်။

### အချိန်ကာလအတွက် ခြွင်းချက်များ

အောက်ပါကြောင့် ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်ကို သင်က မတင်သွင်းနိုင်ပါက အထက်ပါ အချိန်ကာလ မကျင့်သုံးပါ။

1. သင်၏ကြားနာမှု တောင်းဆိုချက်တွင် သင်တင်ထားသည့် ပြဿနာ သို့မဟုတ် ကိစ္စရပ်ကို ဖြေရှင်းခဲ့ကြောင်း အထူးအားဖြင့် ခရိုင်က မှားယွင်းစွာ တင်ပြခဲ့သည်။
2. IDEA ၏ အပိုင်းခအရ ၎င်းကို သင့်ထံ ပံ့ပိုးပေးရန် လိုအပ်ခဲ့ကြောင်း ခရိုင်က သင့်ထံမှ အချက်အလက်များကို ထိမ်ချန်ခဲ့သည်။

# ကြားနာမှု အခွင့်အရေးများ

## 34 CFR §300.512; WAC 392-172A-05100

### အထွေထွေ

ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု၌ သင့်ကိုယ်သင် ကိုယ်စားပြုခွင့်ရှိသည်။ (စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် သက်ဆိုင်သော ကြားနာမှု အပါအဝင်) ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုအတွက် အဖွဲ့များအနေဖြင့် သင်နှင့် ကျောင်းခရိုင်သည် အောက်ပါတို့ ပြုလုပ်ရန် အခွင့်အရေးရှိသည်။ (စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ

လုပ်ထုံးလုပ်နည်းများနှင့် သက်ဆိုင်သော ကြားနာမှု အပါအဝင်)

1. ရှေ့တင်တစ်ဦးက ကိုယ်စားပြုခွင့်နှင့် မသန်စွမ်းကျောင်းသားများ၏ ပြဿနာများနှင့် စပ်လျဉ်း၍ အထူးသိရှိသော သို့မဟုတ် လေ့ကျင့်မှုရှိသော ပုဂ္ဂိုလ်များက တွဲဖက် အကြံပေးခွင့်ရှိသည်။
2. အထောက်အထား တင်ပြခွင့်နှင့် ရင်ဆိုင်ဖြေရှင်းခွင့်၊ ပြန်လှန်စစ်မေးခွင့်နှင့် သက်သေများ တက်ရောက်ခွင့် လိုအပ်သည်။
3. ကြားနာမှုမတိုင်မီ အနည်းဆုံး အလုပ်လုပ်ရက် ငါးရက်တွင် တစ်ဖက်အဖွဲ့သို့ ထုတ်ဖော်မပြောခဲ့သော ကြားနာမှု၌ အထောက်အထားတစ်ခုခု တင်သွင်းခြင်းကို တားမြစ်ခွင့်ရှိသည်။
4. စာဖြင့်ရေးထားသော သို့မဟုတ် သင်၏ရွေးချယ်မှုဖြင့် အီလက်ထရွန်းနစ် လုံးစေ့ပတ်စေ့ ကြားနာမှုမှတ်တမ်းကို ရရှိခွင့်ရှိသည်။
5. စာဖြင့်ရေးထားသော သို့မဟုတ် သင်၏ရွေးချယ်မှုဖြင့် အချက်အလက်နှင့် ဆုံးဖြတ်ချက်များအား အီလက်ထရွန်းနစ် တွေ့ရှိချက်ကို ရရှိခွင့်ရှိသည်။

## အချက်အလက်များအား ထပ်ဆောင်း ထုတ်ဖော်ပြောဆိုမှု

ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုမတိုင်မီ အနည်းဆုံး အလုပ်ဖွင့်ရက်ငါးရက်တွင် သင်နှင့် ခရိုင်တို့က ကြားနာမှု၌ အသုံးပြုရန် ရည်ရွယ်သည့် အဆိုပါ အကဲဖြတ်စစ်ဆေးမှုများအပေါ် အခြေခံ၍ အဆိုပါ နေ့ရက်နှင့် အကြံပြုချက်များက ပြီးမြောက်ခဲ့သည့် အခြားအလုံးစုံ အကဲဖြတ်စစ်ဆေးမှု တစ်ခုချင်းကို သင်နှင့် ခရိုင်တို့က ထုတ်ဖော်ပြောဆိုရမည်။

တစ်ဖက်အဖွဲ့၏ သဘောတူညီချက်မရှိ ကြားနာမှု၌ သက်ဆိုင်ရာ အကဲဖြတ်စစ်ဆေးမှု သို့မဟုတ် အကြံပြုချက်ကို တင်သွင်းခြင်းမှ ဤသတ်မှတ်ချက်ကို လိုက်နာရန် ပျက်ကွက်သည့် အဖွဲ့တစ်ခုခုကို ALJ က တားမြစ်နိုင်သည်။

## ကြားနာမှု၌ မိဘအခွင့်အရေး

အောက်ပါတို့ ပြုလုပ်ခွင့် သင့်ကို ပေးထားရမည်။

1. သင့်ကလေးကို တင်ပြခွင့်ရှိရမည်။
2. ပြည်သူလူထုထံ ကြားနာမှု ဖွင့်ခွင့်ရှိရမည်။ နှင့်
3. ကြားနာမှု မှတ်တမ်း၊ သင်ကုန်ကျစရာမလိုဘဲ ပံ့ပိုးပေးသော အချက်အလက်နှင့် ဆုံးဖြတ်ချက်များ၏ တွေ့ရှိချက်များ ရှိခွင့်ရှိရမည်။

# ကြားနာမှုများ၏ အချိန်ကာလများနှင့် အဆင်ပြေချောမွေ့မှု

## 34 CFR §300.515; WAC 392-172-05110

ဆုံးဖြတ်ချက် အစည်းအဝေးများအတွက် ပြက္ခဒိန်ရက် ၃၀ ရက်ကာလ သက်တမ်းကုန်ပြီးနောက် ပြက္ခဒိန်ရက် ၄၅ရက်ထက် နောက်မကျဘဲ **သို့မဟုတ်** ချိန်ညှိထားသော ဆုံးဖြတ်ချက် အချိန်ကာလ သက်တမ်းကုန်ဆုံးပြီးနောက် ပြက္ခဒိန်ရက် ၄၅ရက်ထက် နောက်မကျဘဲ

1. ကြားနာမှုတွင် အပြီးသတ် ဆုံးဖြတ်ချက် ရောက်ရှိသည်။
2. ဆုံးဖြတ်ချက် မိတ္တူကို အဖွဲ့တိုင်းထံ ပေးပို့သည်။

တစ်ဖက်ဖက်က တောင်းဆိုမှုဖြင့် အထက်တွင် ဖော်ပြထားသော ပြက္ခဒိန်ရက် ၄၅ရက် အချိန်ကာလ ကျော်လွန်၍ အချိန်တိုးချဲ့မှုကို ALJ က ခွင့်ပြုနိုင်သည်။

ကြားနာမှုတိုင်းကို သင်နှင့် သင့်ကလေးအတွက် ကျိုးကြောင်းသင့် အဆင်ပြေစေသည့် အချိန်နှင့် နေရာဖြင့် ဆောင်ရွက်ရမည်။

# ကြားနာမှု ဆုံးဖြတ်ချက်များ

## 34 CFR § 300.513; WAC 392-172-05100–05105

### ALJ ၏ ဆုံးဖြတ်ချက်

သင့်ကလေးသည် သင့်လျော်သည့် အခမဲ့ အများပြည်သူ ပညာရေး (FAPE) ကို ရရှိခဲ့သည်ဖြစ်စေ မရရှိခဲ့သည်ဖြစ်စေ ALJ ၏ ဆုံးဖြတ်ချက်သည် အခြေအမြစ်ရှိသည့် အကြောင်းပြချက်များအပေါ် အခြေခံရမည်။

ခရိုင်သည် လုပ်ထုံးလုပ်နည်းဆိုင်ရာ ချိုးဖောက်မှု ရှိခဲ့ကြောင်း သင်က အခိုင်အမာ ပြောဆိုသော ကြားနာမှုများတွင် လုပ်ထုံးလုပ်နည်းဆိုင်ရာ အားနည်းချက်များ ရှိမှသာ FAPE ကို သင့်ကလေးက လက်မခံခဲ့ကြောင်း ALJ က တွေ့ရှိနိုင်သည်။

1. FAPE ထံ သင့်ကလေး၏ အခွင့်အရေးဖြင့် ကြားဝင်ဆောင်ရွက်ခဲ့ပါက
2. သင့်ကလေးအတွက် FAPE ထောက်ပံ့မှုနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချခြင်း လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ရန် သင်၏အခွင့်အရေးကို သိသာထင်ရှားစွာ ကြားဝင်ဆောင်ရွက်ခဲ့ပါက
3. ပညာရေး အကျိုးခံစားခွင့်၏ မရရှိခဲ့ပါက

### ဆိုလိုချက် အပိုဒ်ငယ်

ALJ က FAPE ချိုးဖောက်မှုကို မတွေ့ရှိပင်လျှင် IDEA အပိုင်းခအရ ဗဟိုအစိုးရ စည်းမျဉ်းများ၏ လုပ်ထုံးလုပ်နည်းဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများ အပိုင်းပါ သတ်မှတ်ချက်များကို လိုက်နာရန် ALJ က ခရိုင်ကို အမိန့်ပေးနိုင်ပါသေးသည်။ (34 CFR §§300.500 မှ 300.536)

### ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုအတွက် သီးခြား တောင်းဆိုချက်

ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်ကို တင်သွင်းပြီးခြင်းမှ သီးခြားပြဿနာရပ်နှင့် ပတ်သက်၍ သီးခြား ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်ကို တင်သွင်းနိုင်သည်။

### အကြံပေးအဖွဲ့နှင့် ပြည်သူလူထုအတွက် တွေ့ရှိချက်များနှင့် ဆုံးဖြတ်ချက်

မည်သူဖြစ်ကြောင်း ဖော်ထုတ်နိုင်သည့် အချက်အလက်များကို OSPI ဖျက်သည်။

1. ဝါရှင်တန်၏ အထူးပညာရေး အကြံပေး ကော်မတီ (SEAC) ထံ တွေ့ရှိချက်များနှင့် ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုများကို ပံ့ပိုးသည်။
2. အဆိုပါ တွေ့ရှိချက်များနှင့် ဆုံးဖြတ်ချက်များကို အများပြည်သူထံ ရရှိနိုင်အောင် ပြုလုပ်သည်။

# နောက်ဆုံး ဆုံးဖြတ်ချက် အယူခံ

## 34 CFR §300.514; WAC 392-172A-05115

အောက်တွင် ဖော်ပြထားသည့်အတိုင်း တရားမရေးရာ အရေးယူဆောင်ရွက်ချက်ကို ယူဆောင်လာခြင်းဖြင့် ကြားနာမှုတွင် ပါဝင်သည့် တစ်ဖက်ဖက် (သင် သို့မဟုတ် ခရိုင်) က ဆုံးဖြတ်ချက်ကို အယူခံမဝင်ပါက ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုတွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်သည် (စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် သက်ဆိုင်သော ကြားနာမှု အပါအဝင်) အတည်ဖြစ်သည်။

# တရားမရေးရာ ဆောင်ရွက်ချက်များ၊ အဆိုပါဆောင်ရွက်ချက်များကို တင်ရန် အချိန်ကာလ အပါအဝင်

## 34 CFR §300.516; WAC 392-172A-05115

### အထွေထွေ

ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုတွင် (စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် သက်ဆိုင်သော ကြားနာမှု အပါအဝင်) တစ်ဖက်ဖက်က တွေ့ရှိချက်များနှင့် ဆုံးဖြတ်ချက်ကို သဘောမတူပါက ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု၏ အကြောင်းရင်းဖြစ်ခဲ့သော ကိစ္စရပ်နှင့် စပ်လျဉ်း၍ တရားမရေး ဆောင်ရွက်ချက် ယူဆောင်လာရန် အခွင့်အရေး အဆိုပါအဖွဲ့တွင် ရှိသည်။ အခွင့်အာဏာရှိသော တရားစီရင်ပိုင်ခွင့်ရှိသည့် ပြည်နယ်တရားရုံး (ဤအမျိုးအစား ကိစ္စရပ်ကို ကြားနာရန် အခွင့်အာဏာရှိသည့် ပြည်နယ်တရားရုံး) သို့မဟုတ် အမေရိကန် ပြည်ထောင်စု ခရိုင်တရားရုံးတွင် ဆောင်ရွက်ချက်ကို ယူဆောင်လာနိုင်သည်။ အငြင်းပွားမှု အတိုင်းအတာကို မလေ့လာဘဲ IDEA အပိုင်းခအရ ယူဆောင်လာသည့် အရေးယူဆောင်ရွက်မှုနှင့် ပတ်သက်၍ အမေရိကန်ပြည်ထောင်စု၏ ခရိုင်တရားရုံးများတွင် အမိန့်ချမှတ်ခွင့်ရှိသည်။

### အချိန်ကန့်သတ်ချက်

အရေးယူဆောင်ရွက်ချက်ကို ယူဆောင်လာသော အဖွဲ့တွင် တရားမရေးရာ ဆောင်ရွက်ချက် တင်သွင်းရန် ALJ ၏ ဆုံးဖြတ်ချက် နေ့ရက်မှ ပြက္ခဒိန်ရက် **၉၀** ရက် ရရှိပါမည်။

### ထပ်ဆောင်း လုပ်ထုံးလုပ်နည်းများ

မည်သည့်တရားမရေးရာ ဆောင်ရွက်ချက်တွင်ဖြစ်စေ တရားရုံးက -

1. အုပ်ချုပ်ရေး ဆောင်ရွက်မှုများ၏ မှတ်တမ်းများကို လက်ခံရရှိသည်။
2. သင်၏တောင်းဆိုမှုဖြင့် သို့မဟုတ် သင့်ခရိုင်၏ တောင်းဆိုမှုဖြင့် ထပ်ဆောင်းအထောက်အထားကို ကြားနာရသည်။
3. အထောက်အထား ပိုလွန်မှုအပေါ် ၎င်း၏ ဆုံးဖြတ်ချက်ကို အခြေပြုပြီး တရားရုံးက သင့်လျော်သည်ဟု ဆုံးဖြတ်ကြောင်း သက်သာခွင့် ခွင့်ပြုသည်။

## ဆိုလိုချက် စည်းမျဉ်း

IDEA အပိုင်းခတွင် မည်သည်ကမျှ အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၁၉၉၀ မသန်စွမ်း အမေရိကန်များ အက်ဥပဒေ၊ ၁၉၇၃ ပြန်လည်ထူထောင်ရေး အက်ဥပဒေ အခန်း ၅ (အပိုင်း ၅၀၄) သို့မဟုတ် မသန်စွမ်းကျောင်းသားများ၏ အခွင့်အရေးကို အကာအကွယ်ပေးသော အခြားဗဟိုအစိုးရ ဥပဒေများတွင် ရရှိနိုင်သည့် အခွင့်အရေးများ၊ လုပ်ထုံးလုပ်နည်းများနှင့် ကုစားမှုများကို မကန့်သတ်ထားပါ။ သို့သော် ဤဥပဒေများအရ သင်သည် တရားမရေးရာ ဆောင်ရွက်ချက်ကို တင်သွင်းနေပြီး IDEA အပိုင်းခအရ ရရှိနိုင်သည့် သက်သာခွင့်ကိုလည်း ကြိုးပမ်းနေပါက IDEA ၏ အပိုင်းခအရ ဆောင်ရွက်ချက်ကို တင်သွင်းခဲ့ပါက အထက်တွင် ဖော်ပြထားသော ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု လုပ်ထုံးလုပ်နည်းများကို လိုအပ်သည့်အတိုင်း တူညီသည့် အတိုင်းအတာအထိ လေ့လာပြီးဖြစ်ရမည်။ IDEA အရ ရရှိနိုင်သူများနှင့် ထပ်နေသည့် အခြားဥပဒေများအရ ရရှိနိုင်သည့် ကုစားမှုများ သင့်တွင် ရှိနိုင်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ သို့သော် ယေဘုယျအားဖြင့် အဆိုပါ အခြားဥပဒေများအရ သက်သာခွင့် ရရှိရန် တရားရုံးသို့ တိုက်ရိုက် မသွားခင် IDEA အရ ရရှိနိုင်သော ကုစားမှုများ ရရှိရန် သမာသမတ်ကျသော ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု လုပ်ထုံးလုပ်နည်းများကို အရင်ဆုံး အသုံးပြုရမည်။

# ရှေ့နေများ၏ ဝန်ဆောင်ခများ

## 34 CFR §300.517; WAC 392-172A-05120

### အထွေထွေ

သင်သည် တရားမရေးရာ ဆောင်ရွက်ချက်တွင် အောင်နိုင် (အနိုင်ရ) ပြီး ရှေ့နေတစ်ဦးက ကိုယ်စားပြုပါက တရားရုံးက ၎င်း၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ဖြင့် သင့်အတွက် ကုန်ကျစရိတ် တစ်စိတ်တစ်ပိုင်းအဖြစ် ထိုက်သင့်သည့် ရှေ့နေများ၏ ဝန်ဆောင်ခများကို ချီးမြှင့်နိုင်ပါသည်။

IDEA အပိုင်းခအရ ယူဆောင်လာသည့် ဆောင်ရွက်ချက် သို့မဟုတ် ရှေ့ဆက်လုပ်ဆောင်မှု တစ်ခုခုတွင် တရားရုံးက ၎င်း၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ဖြင့် ရှေ့နေက အောက်ပါတို့ဖြစ်လျှင် သင်၏ရှေ့နေက ပေးချေရမည့် အောင်နိုင်သည့် ကျောင်းခရိုင် သို့မဟုတ် OSPI အတွက် သင်၏ ကုန်ကျစရိတ် တစ်စိတ်တစ်ပိုင်းအဖြစ် ထိုက်သင့်သည့် ရှေ့နေများ၏ ဝန်ဆောင်ခများကို ချီးမြှင့်နိုင်ပါသည်။ (က) တရားရုံးတွေ့ရှိချက်သည် တာဝန်မဲ့၊ အကျိုးအကြောင်း မခိုင်လုံ သို့မဟုတ် အခြေအမြစ် မရှိကြောင်း တိုင်ကြားချက် သို့မဟုတ် တရားရုံးအမှုကို တင်သွင်းခဲ့ပါက **သို့မဟုတ်** တရားရုံးအမှုကို တင်သွင်းခဲ့ပါက သို့မဟုတ် အမှုသည် တာဝန်မဲ့၊ အကျိုးအကြောင်း မခိုင်လုံ သို့မဟုတ် အခြေအမြစ် မရှိကြောင်း ရှင်းလင်းလာခဲ့ပြီးနောက် ဆက်လက် တရားစွဲဆိုပါက သို့မဟုတ်

IDEA အပိုင်းခအရ ယူဆောင်လာသည့် ဆောင်ရွက်ချက် သို့မဟုတ် ရှေ့ဆက်လုပ်ဆောင်မှု တစ်ခုခုတွင် ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုအတွက် သင်တောင်းဆိုပါက သို့မဟုတ် အနှောင့်အယှက်ပေးရန်၊ ဆောင်ရွက်ချက် သို့မဟုတ် ရှေ့ဆက်လုပ်ဆောင်မှု မလိုအပ်ဘဲ နှောင့်နှေးမှု ဖြစ်စေရန် သို့မဟုတ် မလိုအပ်ဘဲ စရိတ်မြင့်တက်ရန် ကဲ့သို့သော မသင့်လျော်သော ရည်ရွယ်ချက်တစ်ခုခုအတွက် နောက်ပိုင်းတွင် တရားရုံး အမှုကို တင်ပြခဲ့ပါက တရားရုံးက ၎င်း၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ဖြင့် သင်၏ရှေ့နေက ပေးချေရမည့် အောင်နိုင်သည့် ကျောင်းခရိုင် သို့မဟုတ် OSPI အတွက် သင်၏ ကုန်ကျစရိတ် တစ်စိတ်တစ်ပိုင်းအဖြစ် ထိုက်သင့်သည့် ရှေ့နေများ၏ ဝန်ဆောင်ခများကို ချီးမြှင့်နိုင်ပါသည်။

## အခကြေးငွေ ချီးမြှင့်မှု

ထောက်ပံ့ပေးသည့် ဝန်ဆောင်မှု အမျိုးအစားနှင့် အရည်အသွေးအတွက် ပေါ်ပေါက်လာသော ဆောင်ရွက်ချက် သို့မဟုတ် ကြားနာမှုတွင် လူမှုအသိုင်းအဝိုင်းတွင် လွှမ်းမိုးသော နှုန်းထားများအပေါ်တွင် ရှေ့နေ ဝန်ဆောင်ခများကို အခြေခံရမည်။ ချီးမြှင့်သည့် အခကြေးငွေကို တွက်ချက်ရာတွင် မည်သည့် ဆုကြေး သို့မဟုတ် မြှောက်ကိန်းကိုမျှ အသုံးမပြုနိုင်ပါ။

အောက်ပါတို့ဖြစ်လျှင် ဖြေရှင်းမှုအား စာဖြင့်ရေးသား ကမ်းလှမ်းပြီးတော့ ဆောင်ရွက်သည့် ဝန်ဆောင်မှုများအတွက် IDEA အပိုင်းခအရ ဆောင်ရွက်ချက် သို့မဟုတ် ရှေ့ဆက်လုပ်ဆောင်မှု တစ်ခုခုတွင် ရှေ့နေများ၏ အခကြေးငွေများကို ချီးမြှင့်၍မရနိုင်ပါ။ သက်ဆိုင်ရာ ကုန်ကျစရိတ်များကို ပြန်ထုတ်မပေးနိုင်ပါ။

1. ရှေ့ဆက်လုပ်ဆောင်မှု မစတင်မီ ပြက္ခဒိန်ရက် ၁၀ရက်ကျော် မည်သည့်အချိန်၌မဆို တရားမရေးရာ လုပ်ထုံးလုပ်နည်း၏ ဗဟိုအစိုးရ စည်းမျဉ်း ၆၈ က ပြဋ္ဌာန်းထားသော အချိန်အတွင်း သို့မဟုတ် ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု သို့မဟုတ် ပြည်နယ်အဆင့် သုံးသပ်ချက် ကိစ္စရပ်တွင် ဤကမ်းလှမ်းချက်ကို လုပ်ဆောင်ပါသည်။
2. ပြက္ခဒိန်ရက် ၁၀ ရက်အတွင်း ကမ်းလှမ်းချက်ကို လက်မခံရပါ။
3. သင် နောက်ဆုံး ရရှိသည့် သက်သာခွင့်သည် ဖြေရှင်းမှု ကမ်းလှမ်းချက်ထက် သင့်အတွက် ပို၍မသင့်လျော်ကြောင်း တရားရုံး သို့မဟုတ် ALJ က တွေ့ရှိပါသည်။

ဤကန့်သတ်ချက်များ ရှိစေကာမူ သင်က အောင်နိုင်ပြီး ဖြေရှင်းမှု ကမ်းလှမ်းချက်ကို ပယ်ချရာတွင် တရားမျှတပါက တရားရုံးသည် ရှေ့နေများ၏ အခကြေးငွေများနှင့် သက်ဆိုင်ရာ ကုန်ကျစရိတ်များအား ချီးမြှင့်နိုင်ပါသည်။

အစည်းအဝေးသည် အုပ်ချုပ်ရေး ရှေ့ဆက်လုပ်ဆောင်မှု သို့မဟုတ် တရားရုံး ဆောင်ရွက်ချက် ရလဒ်အနေဖြင့် မကျင်းပပါက IEP အဖွဲ့၏ အစည်းအဝေး တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ရှေ့နေများ၏ အခကြေးငွေများကို မချီးမြှင့်နိုင်ပါ။

ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု လုပ်ထုံးလုပ်နည်းများအရ လိုအပ်သည့် ဆုံးဖြတ်ချက် အစည်းအဝေးကို အုပ်ချုပ်ရေး ကြားနာမှု သို့မဟုတ် တရားရုံး ဆောင်ရွက်ချက်၏ ရလဒ်အနေဖြင့် ကျင်းပခဲ့သော အစည်းအဝေးဟု မယူဆပါ။ ဤရှေ့နေများ၏ အခကြေးငွေ ပံ့ပိုးမှု ရည်ရွယ်ချက်များအတွက် အုပ်ချုပ်ရေး ကြားနာမှု သို့မဟုတ် တရားရုံး ဆောင်ရွက်ချက်ဟုလည်း မယူဆပါ။

တရားရုံးက အောက်ပါတို့ကို တွေ့ရှိပါက IDEA အပိုင်းခအရ ချီးမြှင့်သော ရှေ့နေများ၏ အခကြေးငွေ ပမာဏကို သင့်လျော်သလို ရှေ့နေက လျှော့ချနိုင်ပါသည်။

1. ဆောင်ရွက်ချက် သို့မဟုတ် ရှေ့ဆက်လုပ်ဆောင်မှု လမ်းကြောင်းအတွင်း သင် သို့မဟုတ် သင်၏ရှေ့နေက အငြင်းပွားမှု၏ နောက်ဆုံး ဆုံးဖြတ်ချက်ကို မသင့်လျော်စွာ နှောင့်နှေးစေခဲ့ကြောင်း
2. ရှေ့နေများ၏ အခကြေးငွေ ပမာဏ သို့မဟုတ် ချီးမြှင့်သည့် ခွင့်ပြုသော ပမာဏသည် အလားတူ စွမ်းရည်၊ ဂုဏ်သတင်းနှင့် အတွေ့အကြုံအား ရှေ့နေများ၏ အလားတူ ဝန်ဆောင်မှုများအတွက် လူမှုအသိုင်းအဝိုင်းတွင် လွှမ်းမိုးသော နာရီအလိုက် နှုန်းထားများထက် မသင့်လျော်စွာ ကျော်လွန်ကြောင်း
3. ကုန်ဆုံးခဲ့သော အချိန်နှင့် ပံ့ပိုးပေးသည့် ဥပဒေဝန်ဆောင်မှုများသည် ဆောင်ရွက်ချက် သို့မဟုတ် ရှေ့ဆက်လုပ်ဆောင်မှု၏ သဘောသဘာဝကို ထည့်သွင်းစဉ်းစားခြင်း ကျော်လွန်ခဲ့ကြောင်း သို့မဟုတ်

4. ခေါင်းစဉ် *ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်* အရ ဖော်ပြထားသည့်အတိုင်း ထိုက်သင့်သည့် လုပ်ငန်းစဉ် တောင်းဆိုချက် အကြောင်းကြားစာပါ သင့်လျော်သည့် အချက်အလက်ကို ခရိုင်သို့ သင်ကိုယ်စားပြုသော ရှေ့နေက မပေးခဲ့ကြောင်း

သို့သော် ပြည်နယ် သို့မဟုတ် ကျောင်းခရိုင်က ဆောင်ရွက်ချက် သို့မဟုတ် ရှေ့ဆက်လုပ်ဆောင်ချက်၏ နောက်ဆုံး ဆုံးဖြတ်ချက်ကို မသင့်လျော်စွာ နှောင့်နှေးစေခဲ့ကြောင်း သို့မဟုတ် IDEA အပိုင်းခ၏ လုပ်ထုံးလုပ်နည်းဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု သတ်မှတ်ချက်များအရ ချိုးဖောက်မှုရှိခဲ့ကြောင်း တရားရုံးက တွေ့ရှိပါက တရားရုံးက အခကြေးငွေများကို မလျှော့ချနိုင်ပါ။

## အထူးပညာရေးအတွက် အရည်အချင်း ပြည့်မီသော ကျောင်းသားများအတွက် စည်းကမ်း လုပ်ထုံးလုပ်နည်းများ

သင့်ကလေးကို ထိန်းသိမ်းကြပ်မတ်သည့်အခါ သင့်ကလေးအတွက် ပေးနိုင်သည့် အထူးပညာရေး ကာကွယ်စောင့်ရှောက်မှုများ ရှိပါသည်။ ဤကာကွယ်စောင့်ရှောက်မှုများသည် ကျောင်းသားအားလုံးအတွက် ကျင့်သုံးသည့် စည်းကမ်း လုပ်ထုံးလုပ်နည်းများဖြစ်သည်။ ကျောင်းသားသည် အရည်အချင်း ပြည့်မီမည်ဖြစ်ကြောင်း ခရိုင်က သိရှိပါက အထူးပညာရေးအတွက် အရည်အချင်း ပြည့်မီကြောင်း မတွေ့ရှိသေးသော ကျောင်းသားများအတွက်လည်း ဤကာကွယ်စောင့်ရှောက်မှုများကို ကျင့်သုံးပါသည်။

## ကျောင်းအမှုထမ်း၏ အခွင့်အာဏာ

## 34 CFR §300.530; WAC 392-172A-05145

### ဖြစ်ရပ်တစ်ခုချင်းအလိုက် စိစစ်တွက်ချက်ခြင်း

စည်းကမ်းနှင့် ပတ်သက်၍ အောက်ပါ သတ်မှတ်ချက်များနှင့်အညီ ပြုလုပ်သော နေရာချထားမှု အပြောင်းအလဲ (အောက်တွင် *စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ဖယ်ရှားမှုများကြောင့် နေရာချထားမှု အပြောင်းအလဲ* အတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကြည့်ပါ။) သည် ကျောင်းသား စီမံခန့်ခွဲမှု ကျောင်းစည်းကမ်းကို ချိုးဖောက်သည့် သင့်ကလေးအတွက် သင့်လျော်ခြင်း ရှိမရှိ စိစစ်တွက်ချက်သည့်အခါ ဖြစ်ရပ်တစ်ခုချင်းအလိုက် ထူးခြားသည့် အခြေအနေများအကို ကျောင်းအမှုထမ်းက ထည့်သွင်းစဉ်းစားနိုင်ပါသည်။

### အထွေထွေ

အထူးပညာရေး ဝန်ဆောင်မှုများကို လက်ခံမရရှိသော ကျောင်းသားများအတွက် အဆိုပါဆောင်ရွက်ချက် ၎င်းတို့ လုပ်ဆောင်သည့် အတိုင်းအတာအထိ ကျောင်းအမှုထမ်းသည် တစ်ဆက်တည်း **ကျောင်းဖွင့်ရက် ၁၀ ရက်** အခြားပညာရေး ချိန်ညှိချက် နောက်ထပ် ချိန်ညှိချက်ကို သင့်လျော်သော ကြားကာလအတွက် လက်ရှိ နေရာချထားမှုမှ သင့်ကလေးကို ဖယ်ရှားနိုင်သည် သို့မဟုတ် ကျောင်းသား စီမံခန့်ခွဲမှု စည်းကမ်းကို ချိုးဖောက်သည့်အခါ သင့်ကလေးကို ဆိုင်းငံ့ထားနိုင်ပါသည်။ အဆိုပါ ဖယ်ရှားမှုများသည် နေရာချထားမှု အပြောင်းအလဲကို မပါဝင်သရွေ့ လက်မခံနိုင်သော အပြုအမူ၏ သီးခြားဖြစ်ရပ်များအတွက် ထိုစာသင်နှစ်တွင်ပင် တစ်ဆက်တည်း **ကျောင်းဖွင့်ရက် ၁၀ ရက်** မကျော်လွန်ဘဲ သင့်ကလေး၏ ထပ်ဆောင်းဖယ်ရှားမှုကိုလည်း ကျောင်းအမှုထမ်းက ချမှတ်နိုင်ပါသည်။ (အောက်တွင် *စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ*

*ဖယ်ရှားမှုများကြောင့် နေရာချထားမှု အပြောင်းအလဲ* အတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကြည့်ပါ။)

# စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ဖယ်ရှားမှုများကြောင့် နေရာချထားမှု အပြောင်းအလဲ

## 34 CFR §300.536; WAC 392-172A-05146–05155

လက်ရှိ ပညာရေး နေရာချထားမှုမှ သင့်ကလေး၏ ဖယ်ရှားမှုသည် အောက်ပါတို့ဖြစ်လျှင် **နေရာချထားမှု အပြောင်းအလဲ** ဖြစ်သည်။

1. ဖယ်ရှားမှုသည် တစ်ဆက်တည်း ကျောင်းဖွင့်ရက် ၁၀ ကျော်ကြာ ဖြစ်သည်။ သို့မဟုတ်
2. သင့်ကလေးသည် အောက်ပါကြောင့် ပုံစံတစ်ရပ်တွင် ပါဝင်သော ဖယ်ရှားမှုများအတွက် ခံရပါသည်။
    a. ဖယ်ရှားမှု စုစုပေါင်း စာသင်နှစ်တစ်နှစ်တွင် ကျောင်းဖွင့်ရက် ၁၀ ရက်ကျော်
    b. သင့်ကလေး၏ အပြုအမူသည် ဖယ်ရှားမှု ဖြစ်စေခဲ့သည့် ယခင်ဖြစ်ရပ်များတွင် ၎င်း၏ အပြုအမူနှင့် အဓိကအားဖြင့် တူညီပါသည်။ နှင့်
    c. ဖယ်ရှားမှု တစ်ခုချင်း၏ အလျား၊ သင့်ကလေးကို ဖယ်ရှားခဲ့သည့် စုစုပေါင်း အချိန်ပမာဏနှင့် နောက်တစ်ခုသို့ ဖယ်ရှားမှုများ အနီးအပါး ကဲ့သို့သော ယူခဲ့သည့် ထပ်ဆောင်း အကြောင်းများ ရှိပါသည်။

ဖယ်ရှားမှု ပုံစံသည် ဖြစ်ရပ်တစ်ခုချင်းအလိုက် နေရာချထားမှု အပြောင်းအလဲ ပါဝင်ခြင်း ရှိမရှိ ကျောင်းခရိုင်က စိစစ်တွက်ချက်ပြီး သင်က အကဲစမ်းခဲ့ပါက ထိုက်သင့်သည့် လုပ်ငန်းစဉ်နှင့် တရားရေးရာ ဆောင်ရွက်ချက်တစ်လျှောက် သုံးသပ်ရန်အတိုင်း ဖြစ်သည်။

## အကြောင်းကြားချက်

ကျောင်းသား စီမံခန့်ခွဲမှု စည်းကမ်း ချိုးဖောက်မှုကြောင့် သင့်ကလေးအတွက် နေရာချထားမှု အပြောင်းအလဲရှိကြောင်း ဖယ်ရှားမှု လုပ်ဆောင်ရန် ခရိုင်က ဆုံးဖြတ်ချက်ချသော နေ့ရက်တွင် အဆိုပါဆုံးဖြတ်ချက်အား သင့်ထံ အကြောင်းကြား၍ *အထူးပညာရေး လုပ်ထုံးလုပ်နည်းဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများ အကြောင်းကြားစာ* သင့်ထံ ပေးရပါမည်။.

## ဝန်ဆောင်မှုများ

အလားတူ ဖယ်ရှားခံခဲ့ရသော အထူးပညာရေး ဝန်ဆောင်မှုများကို လက်ခံမရရှိသော ကျောင်းသားများအတွက် ဝန်ဆောင်မှုများ ပံ့ပိုးပေးသည့် ပုံစံတစ်မျိုးတည်းဖြင့် ထိုစာသင်နှစ်တွင် **ကျောင်းဖွင့်ရက် ၁၀ ရက် သို့မဟုတ် ထိုအောက်** အတွက် ၎င်း၏လက်ရှိ နေရာချထားမှုမှ ဖယ်ရှားခံခဲ့ရပါက သင့်ကလေးအတွက် ခရိုင်အနေဖြင့် ဝန်ဆောင်မှုများ ပံ့ပိုးရန် လိုအပ်ပါသည်။ အထွေထွေ ပညာရေး စည်းမျဉ်းစည်းကမ်းများသည် ဆိုင်းငံ့ခြင်း၊ ထုတ်ပယ်ခြင်း သို့မဟုတ် ယာယီဖယ်ရှားခြင်းကို ပံ့ပိုးပေးသည်။ အထွေထွေ ပညာရေး သင်ရိုးတွင် သင့်ကလေး ဆက်လက်ပါဝင်နိုင်ရန် ပညာရေး ဝန်ဆောင်မှုများ လက်ခံရရှိရန် အခွင့်အရေး ကျောင်းခရိုင်က သင့်ကလေးကို ပေးရမည်။ ခရိုင်ပညာရေး စံနှုန်းများ ပြည့်မီရမည်။ ဘာသာရပ်၊ အတန်းအဆင့်နှင့် ဘွဲ့နှင်းသဘင် သတ်မှတ်ချက်များ (WAC 392-400-610) ပြီးမြောက်ရမည်။

လက်ရှိ နေရာချထားမှုမှ ဖယ်ရှားခံခဲ့ရသည့်အခါ သင့်ကလေးအတွက် ပံ့ပိုးပေးမည့် ဝန်ဆောင်မှုများကို ကြားကာလ အခြားပညာရေး နောက်ခံတစ်ခုဖြင့် ပံ့ပိုးနိုင်သည်။

သူ သို့မဟုတ် သူမ၏ လက်ရှိ နေရာချထားမှုမှ **ကျောင်းဖွင့်ရက် ၁၀ ရက်ကျော်** သင့်ကလေးသည် -

1. အခြားနောက်ခံဖြင့် ဖြစ်သော်လည်း ၎င်း၏ IEP တွင် သတ်မှတ်ထားသော ပန်းတိုင်များ ပြည့်မီစေရန်၊ အထွေထွေ ပညာရေးသင်ရိုးတွင် သင့်ကလေး ဆက်လက်ပါဝင်နိုင်ရန် ပညာရေး ဝန်ဆောင်မှုများ ဆက်လက် လက်ခံရရှိရမည်။
2. သင့်ကလေး၏ အပြုအမူသည် ၎င်း၏ မသန်စွမ်းမှုကို ပေါ်လွင်အောင်ပြသခြင်း ဖြစ်ခဲ့ပါက ၎င်းသည် သင့်လျော်သည့်အတိုင်း နောက်ထပ် မဖြစ်စေရန် အပြုအမူ ချိုးဖောက်မှုကို ဖြေရှင်းရန် ရေးဆွဲထားသည့် အသုံးဝင်သော အပြုအမူဆိုင်ရာ အကဲဖြတ်ချက်နှင့် အပြုအမူဆိုင်ရာ ကြားဝင်ဆောင်ရွက် ဝန်ဆောင်မှုများနှင့် ပြုပြင်မွမ်းမံမှုများကို လက်ခံရရှိရမည်။

သင့်ကလေးကို ထိုစာသင်နှစ်တွင်ပင် **ကျောင်းဖွင့်ရက် ၁၀ ရက်** လက်ရှိ နေရာချထားမှုမှ ဖယ်ချခံခဲ့ရပြီး **အကယ်၍** လက်ရှိ ဖယ်ရှားမှုသည် တစ်ဆက်တည်း **ကျောင်းဖွင့်ရက် ၁၀ ရက်** သို့မဟုတ် ထိုအောက် **နှင့်** ဖယ်ရှားမှုကို နေရာချထားမှု အပြောင်းအလဲအဖြစ် မဆုံးဖြတ်ပါက (အထက်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကြည့်ပါ။) အထွေထွေ ပညာရေး သင်ရိုးတွင် သင့်ကလေး ဆက်လက်ပါဝင်နိုင်ရန်နှင့် အခြားနောက်ခံဖြင့် ဖြစ်သော်လည်း ၎င်း၏ IEP တွင် သတ်မှတ်ထားသော ပန်းတိုင်များ ပြည့်မီစေရန် မည်သည့် ဝန်ဆောင်မှုများ လိုအပ်သည်ကို ကျောင်းအမှုထမ်းက သင့်ကလေး၏ ဆရာ အနည်းဆုံး တစ်ဦးနှင့် ဆွေးနွေးတိုင်ပင်၍ စိစစ်ဆုံးဖြတ်ပါမည်။

ဖယ်ရှားမှုသည် နေရာချထားမှု အပြောင်းအလဲ ဖြစ်ပါက (အထက်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကြည့်ပါ) အခြားနောက်ခံဖြင့် ဖြစ်သော်လည်း ၎င်း၏ IEP တွင် သတ်မှတ်ထားသော ပန်းတိုင်များ ပြည့်မီစေရန်နှင့် အထွေထွေ ပညာရေး သင်ရိုးတွင် သင့်ကလေး ဆက်လက်ပါဝင်နိုင်ရန် သင့်လျော်သည့် ဝန်ဆောင်မှုများကို သင့်ကလေး၏ IEP အဖွဲ့က စိစစ်တွက်ချက်ပါသည်။

# ပေါ်လွင်မှု စိစစ်တွက်ချက်ခြင်း

ကျောင်းသား စီမံခန့်ခွဲမှု စည်းကမ်း ချိုးဖောက်မှုကြောင့် သင့်ကလေး၏ နေရာချထားမှု ပြောင်းလဲရန် ဆုံးဖြတ်ချက်တစ်ခုခုအား **ကျောင်းဖွင့်ရက် ၁၀ ရက်** အတွင်း (*စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ဖယ်ရှားမှုများကြောင့် နေရာချထားမှု အပြောင်းအလဲ*ကို ကြည့်ပါ) ၎င်းတို့၏ IEP, ဆရာ စောင့်ကြည့်လေ့လာချက်များနှင့် အောက်ပါတို့ စိစစ်တွက်ချက်ရန် သင်က ပံ့ပိုးပေးသော သက်ဆိုင်ရာ အချက်အလက်တစ်ခုခု အပါအဝင် သင့်ကလေး၏ ဖိုင်ပါ သက်ဆိုင်ရာ အချက်အလက်များ အားလုံးကို ခရိုင်နှင့် သင်နှင့် ခရိုင်က ဆုံးဖြတ်သော သက်ဆိုင်ရာ IEP အဖွဲ့ဝင်များက ပြန်လည်စစ်ဆေးရမည်။

1. အဆိုပါ အပြုအမူကို သင့်ကလေး၏ မသန်စွမ်းမှုကြောင့် ဖြစ်စေခဲ့ပါက တိုက်ရိုက်နှင့် ခိုင်မာသော ဆက်ဆံရေး ရှိခဲ့ပါက သို့မဟုတ်
2. အဆိုပါ အပြုအမူသည် သင့်ကလေး၏ IEP ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ခရိုင် ပျက်ကွက်မှု၏ တိုက်ရိုက်ရလဒ် ဖြစ်ခဲ့ပါက

သင်အပါအဝင် သင့်ကလေး၏ သက်ဆိုင်ရာ IEP အဖွဲ့ဝင်များက အဆိုပါ သတ်မှတ်ချက်တစ်ခုခု ပြည့်မီခဲ့ပါက သင့်ကလေး၏ မသန်စွမ်းမှုအား ပေါ်လွင်အောင်ပြသခြင်းအဖြစ် အပြုအမူကို စိစစ်တွက်ချက်ရမည်။

အဆိုပါ အပြုအမူသည် IEP ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ခရိုင်ပျက်စွက်မှု၏ တိုက်ရိုက်ရလဒ် ဖြစ်ခဲ့ကြောင်း အထက်တွင် ဖော်ပြထားသော အုပ်စုက စိစစ်တွက်ချက်ပါက ခရိုင်က အဆိုပါ အားနည်းချက်များကို ကုစားရန် ချက်ချင်း အရေးယူဆောင်ရွက်မှု လုပ်ဆောင်ရမည်။

## အပြုအမူသည် ကျောင်းသား၏ မသန်စွမ်းမှုအား ပေါ်လွင်အောင်ပြသမှုဖြစ်ကြောင်း စိစစ်တွက်ချက်ခြင်း

အပြုအမူသည် သင့်ကလေး၏ မသန်စွမ်းမှုကို ပေါ်လွင်အောင်ပြသမှု ဖြစ်ခဲ့ကြောင်း သင်ပါဝင်သော ဤအုပ်စုက စိစစ်ဆုံးဖြတ်သည့်အခါ IEP အဖွဲ့က အောက်ပါတစ်ခုခုကို လုပ်ဆောင်ရမည်။

1. ဖြစ်ပွားခဲ့သည့် နေရာချထားမှု အပြောင်းအလဲ ဖြစ်စေခဲ့သည့် အပြုအမူ မတိုင်ခင် ခရိုင်က အသုံးဝင်သော အပြုအမူဆိုင်ရာ အကဲဖြတ်ချက်ကို စီမံမဆောင်ရွက်ခဲ့ပါက အသုံးဝင်သော အပြုအမူဆိုင်ရာ အကဲဖြတ်ချက်ကို ဆောင်ရွက်ပြီး သင့်ကလေးအတွက် အပြုအမူဆိုင်ရာ ကြားဝင်ဆောင်ရွက်မှု စီမံချက်တစ်ခု အကောင်အထည်ဖော် ဆောင်ရွက်ပါ။ သို့မဟုတ်
2. အပြုအမူဆိုင်ရာ ကြားဝင်ဆောင်ရွက်မှု စီမံချက်ကို ရေးဆွဲခဲ့ပြီးဖြစ်ပါက သင့်ကလေး၏ အပြုအမူကို ဖြေရှင်းရန် အပြုအမူဆိုင်ရာ ကြားဝင်ဆောင်ရွက်မှု စီမံချက်ကို ပြန်လည်စစ်ဆေး၍ လိုအပ်သလို ပြုပြင်ပြောင်းလဲပါ။

ခေါင်းစဉ်ခွဲ *အထူးအခြေအနေများ* အရ အောက်တွင် ဖော်ပြထားသည့်အတိုင်းမှတစ်ပါး အပြုအမူဆိုင်ရာ ကြားဝင်ဆောင်ရွက်မှု စီမံချက်၏ ပြင်ဆင်ပြောင်းလဲမှု အစိတ်အပိုင်းအဖြစ် နေရာချထားမှု အပြောင်းအလဲကို သင်နှင့် ခရိုင်က သဘောမတူပါက ဖယ်ရှားခဲ့သည်မှ ခရိုင်က သင့်ကလေးကို နေရာချထားမှု ပြန်ပေးရမည်။

## ထပ်ဆောင်း အခွင့်အာဏာ

အပြုအမူ စည်းကမ်း ချိုးဖောက်ခဲ့သည့် အပြုအမူသည် သင့်ကလေး၏ မသန်စွမ်းမှုအား ပေါ်လွင်အောင်ပြသမှု မဟုတ်ခဲ့ပါက (အထက်ပါ*ပေါ်လွင်အောင်ပြသမှု စိစစ်တွက်ချက်ခြင်း* ကိုကြည့်ပါ) နေရာချထားမှု စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ပြောင်းလဲမှုသည် တစ်ဆက်တည်း **ကျောင်းဖွင့်ရက် ၁၀ ရက်** ကျော်သည် *ဝန်ဆောင်မှုများ* အရ အထက်တွင် ဖော်ပြထားသည့်အတိုင်း သင့်ကလေးအတွက် ဝန်ဆောင်မှုများကို ပံ့ပိုးပေးရမည်မှတစ်ပါး အထူးပညာရေး ဝန်ဆောင်မှုများကို ကျောင်းသားများ မရရှိမည်ဖြစ်သဖြင့် တူညီသည့် အပြုအမူ တူညီသည့် အချိန်ကာလဖြင့် သင့်ကလေးအတွက် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ကျောင်းအမှုထမ်းက ကျင့်သုံးနိုင်သည်။ သင့်ကလေး၏ IEP အဖွဲ့က ဤအခြေအနေတွင် သင့်ကလေးအတွက် ဝန်ဆောင်မှုများအတွက် ကြားကာလ အခြားပညာရေး နောက်ခံကို ဆုံးဖြတ်ပါသည်။

## အထူးအခြေအနေများ

အောက်ပါတို့ဖြစ်ပါက သင့်ကလေး၏ အပြုအမူသည် ကျောင်းဖွင့်ရက် ၄၅ ရက်ကြာအောင် ၎င်း၏မသန်စွမ်းမှု ပေါ်လွင်အောင်ပြသမှု ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ဂရုမထားဘဲ ကြားကာလ တခြားပညာရေး နောက်ခံ (ကျောင်းသား၏ IEP အဖွဲ့က ဆုံးဖြတ်သော) တွင် ကျောင်းအမှုထမ်းက သင့်ကလေးကို ဖယ်ရှားနိုင်သည်။

1. ကျောင်းသို့လက်နက် ယူဆောင်လာသည် (အောက်တွင် အဓိပ္ပာယ်ဖွင့်ဆိုချက် ကြည့်ပါ) ခရိုင်၏ စီရင်ပိုင်ခွင့်အရ ကျောင်း၊ ကျောင်းပရိဝုဏ်များတွင် သို့မဟုတ် ကျောင်းလုပ်ဆောင်ချက်၌ လက်နက်ရှိသည်။
2. ခရိုင်၏ စီရင်ပိုင်ခွင့်အရ ကျောင်း၊ ကျောင်းပရိဝုဏ်များတွင် သို့မဟုတ် ကျောင်းလုပ်ဆောင်ချက်၌ ရှိစဉ် ဥပဒေနှင့် မညီညွတ်သော ဆေးဝါးများ သိလျက်နှင့် ရှိသည် သို့မဟုတ် သုံးစွဲသည်။ (အောက်တွင် အဓိပ္ပာယ်ဖွင့်ဆိုချက် ကြည့်ပါ) သို့မဟုတ် ထိန်းချုပ်ထားသော ပစ္စည်းရောင်းချသည် သို့မဟုတ် ဆွဲဆောင်သည်။ (အောက်တွင် အဓိပ္ပာယ်ဖွင့်ဆိုချက် ကြည့်ပါ) သို့မဟုတ်

3. ခရိုင်၏ စီရင်ပိုင်ခွင့်အရ ကျောင်း၊ ကျောင်းပရိဝုဏ်များတွင် သို့မဟုတ် ကျောင်းလုပ်ဆောင်ချက်၌ ရှိစဉ် အခြားလူတစ်ဦးအပေါ် ပြင်းထန်သည့် ရုပ်ခန္ဓာ ထိခိုက်ဒဏ်ရာ ဖြစ်စေခဲ့သည်။ (အောက်တွင် အဓိပ္ပာယ်ဖွင့်ဆိုချက် ကြည့်ပါ)

## အဓိပ္ပာယ်ဖွင့်ဆိုမှုများ

- *ထိန်းချုပ်ထားသော ပစ္စည်း* ဆိုသည်မှာ ထိန်းချုပ်ထားသော ပစ္စည်းများ အက်ဥပဒေ (21 U.S.C. 812(c)) ပုဒ်မ ၂၀၂ (ဂ) ၏ နောက်ဆက်တွဲ ၁၊ ၂၊ ၃၊ ၄ သို့မဟုတ် ၅ အရ ဆေးဝါး သို့မဟုတ် ခွဲခြားရွေးထုတ်ထားသည့် အခြားပစ္စည်းကို ဆိုလိုပါသည်။
- *ဥပဒေနှင့် မညီညွတ်သော ဆေးဝါးများ* ပစ္စည်းဖြစ်သော်လည်း တရားဝင် လိုင်စင်ရ ကျန်းမာရေးစောင့်ရှောက်မှု ပညာရှင်၏ ကြီးကြပ်မှုအောက်တွင် တရားဝင် ကိုင်ဆောင်သော သို့မဟုတ် အသုံးပြုသော ထိန်းချုပ်ထားသော ပစ္စည်း သို့မဟုတ် အက်ဥပဒေအရ သို့မဟုတ် ဗဟိုအစိုးရ ဥပဒေ၏ အခြားသတ်မှတ်ချက်တစ်ခုခုအရ လုပ်ပိုင်ခွင့် တစ်ခုခုအောက်တွင် တရားဝင် ကိုင်ဆောင်သော သို့မဟုတ် အသုံးပြုသော ထိန်းချုပ်ထားသော ပစ္စည်း မပါဝင်ပါ။
- *ပြင်းထန်သော ရုပ်ခန္ဓာ ထိခိုက်ဒဏ်ရာ* ဆိုသည်မှာ အောက်ပါတို့ ပါဝင်သည့် ရုပ်ခန္ဓာ ထိခိုက်ဒဏ်ရာကို ဆိုလိုပါသည်။ ကြီးမားသော သေဆုံးမှု ဘေးအန္တရာယ်/ ပြင်းထန်သည့် ရုပ်ပိုင်းဆိုင်ရာ နာကျင်မှု၊ ကြာမြင့်၍ ပေါ်လွင်ထင်ရှားသော သေရာပါ ရုပ်ပျက်ဆင်းပျက်ဖြစ်ခြင်း သို့မဟုတ် ကိုယ်လက်၊ အင်္ဂါ သို့မဟုတ် အာရုံခံစားနိုင်စွမ်း လုပ်ဆောင်ချက်တို့ အချိန်ကြာမြင့်စွာ ဆုံးရှုံးမှု သို့မဟုတ် ချွတ်ယွင်းမှု
- *လက်နက်* ဆိုသည်မှာ သေဆုံးမှု သို့မဟုတ် ပြင်းထန်သည့် ရုပ်ခန္ဓာ ထိခိုက်ဒဏ်ရာ ဖြစ်စေခြင်းအတွက် အသုံးပြုသော သို့မဟုတ် အဆင်သင့် လုပ်နိုင်သည့် လက်နက်၊ စက်ပစ္စည်း၊ ကိရိယာ၊ ပစ္စည်း၊ သက်ရှိ သို့မဟုတ် သက်မဲ့ကို ဆိုလိုပါသည်။ သို့သော် အဆိုပါဝေါဟာရတွင် အလျား နှစ်လက်မခွဲအောက် ဓားသွားရှိသည့် အိတ်ဆောင်ဓား မပါဝင်ပါ။

# နေရာဒေသ စိစစ်တွက်ချက်ခြင်း

## 34 CFR § 300.531; WAC 392-172A-05145; WAC 392-172A-05149

**နေရာချထားမှု အပြောင်းအလဲ** နှင့် အထက်ပါ ခေါင်းစဉ် ***ထပ်ဆောင်း အခွင့်အာဏာ*** နှင့် ***Special အထူးအခြေအနေများ*** ဖြစ်သော ဖယ်ရှားမှုများအတွက် ကြားကာလ အခြားပညာရေး နောက်ခံကို IEP အဖွဲ့က ဆုံးဖြတ်ရမည်။

# နေရာချထားမှု ဆုံးဖြတ်ချက်များနှင့် ပေါ်လွင်အောင် ပြသမှု စိစစ်တွက်ချက်မှုများ၏ အယူခံ (စည်းကမ်းအတွက် ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု လုပ်ထုံးလုပ်နည်းများ)

## 34 CFR § 300.532; WAC 392-172A-05160

သင်သည် သဘောမတူပါက ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်ကို တင်သွင်းနိုင်သည်။

1. အဆိုပါ စည်းကမ်း သတ်မှတ်ချက်များအရ ပြုလုပ်သည့် နေရာချထားမှုနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက် တစ်ခုခု သို့မဟုတ်
2. အထက်တွင် ဖော်ပြထားသော ပေါ်လွင်အောင်ပြသမှု စိစစ်တွက်ချက်ခြင်း

သင့်ကလေး၏ လက်ရှိ နေရာချထားမှုကို ထိန်းသိမ်းခြင်းသည် သင့်ကလေး သို့မဟုတ် အခြားသူများ ထိခိုက်ဒဏ်ရာ ရနိုင်ဖွယ်ဟု ယုံကြည်ပါက ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်ကို ခရိုင်က တင်သွင်းနိုင်သည်။

ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်နှင့် ပတ်သက်၍ နောက်ထပ် အချက်အလက်များအတွက် **ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု လုပ်ထုံးလုပ်နည်းများ** ကဏ္ဍကို ကြည့်ပါ။

## အုပ်ချုပ်ရေး ဥပဒေတရားသူကြီး (ALJ) ၏ အခွင့်အာဏာ

ALJ က ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုကို ဆောင်ရွက်၍ ဆုံးဖြတ်ချက်ချရမည်။ ALJ က -

1. ခေါင်းစဉ် *ကျောင်းအမှုထမ်း အခွင့်အာဏာ* အရ ဖယ်ရှားမှုသည် ဖော်ပြသည့် သတ်မှတ်ချက်များအား ချိုးဖောက်ခဲ့သည် သို့မဟုတ် သင့်ကလေး၏ အပြုအမူသည် သူ သို့မဟုတ် သူမ၏ မသန်စွမ်းမှုကို ပေါ်လွင်အောင်ပြသခဲ့ခြင်းဖြစ်သည်ဟု ALJ က ဆုံးဖြတ်ပါက သူ သို့မဟုတ် သူမကို ဖယ်ရှားခံခဲ့သည့် နေရာချထားမှုသို့ သင့်ကလေးကို ပြန်ထားပါ။
2. သင့်ကလေး၏ လက်ရှိနေရာချထားမှုကို ထိန်းသိမ်းခြင်းသည် သင့်ကလေး သို့မဟုတ် အခြားသူများအတွက် ထိခိုက်ဒဏ်ရာ ဖြစ်နိုင်ဖွယ်ဟု ALJ က ဆုံးဖြတ်ပါက ကျောင်းဖွင့်ရက် ၄၅ ရက်ထက် မကျော်ဘဲ သင့်လျော်သည့် ကြားကာလ အခြားပညာရေး နောက်ခံသို့ သင့်ကလေး၏ နေရာချထားမှု အပြောင်းအလဲကို စီစဉ်ပါ။

သင့်ကလေးကို မူလနေရာချထားမှုသို့ ပြန်ထားခြင်းသည် သင့်ကလေး သို့မဟုတ် အခြားသူများ ထိခိုက်ဒဏ်ရာရနိုင်ဖွယ်ရှိသည်ဟု ခရိုင်က ထင်ပါက ဤကြားနာမှု လုပ်ထုံးလုပ်နည်းများကို ထပ်မံ လုပ်ဆောင်နိုင်သည်။

သင် သို့မဟုတ် ခရိုင်က ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုကို တောင်းဆိုသည့်အခါတိုင်း အောက်ပါအတိုင်းမှ ခေါင်းစဉ် *ထိုက်သင့်သည့် လုပ်ငန်းစဉ် တောင်းဆိုမှု လုပ်ထုံးလုပ်နည်းများနှင့် ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုများ* အရ တောင်းဆိုမှုသည် ဖော်ပြထားသည့် သတ်မှတ်ချက်များနှင့် ကိုက်ညီရမည်။

1. ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုကို သွက်လက်မြန်ဆန်စေပြီး ကြားနာမှု တောင်းဆိုသည့် နေ့ရက်မှ ကျောင်းဖွင့်ရက် **၂၀** အတွင်း ဆောင်ရွက်ရမည်။ ကြားနာမှုပြီးနောက် ကျောင်းဖွင့်ရက် **၁၀** ရက်အတွင်း ALJ က ဆုံးဖြတ်ချက်ကို ထုတ်ပြန်ရမည်။
2. သင်နှင့် ခရိုင်တို့က အစည်းအဝေးကို စွန့်လွှတ်ရန် စာဖြင့်ရေးသား၍ သဘောတူပါက သို့မဟုတ် ဖျန်ဖြေခြင်း အသုံးပြုရန် သဘောတူပါက OAH နှင့် ခရိုင်တို့နှင့်အတူ ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်ကို သင်တင်သွင်းခဲ့သည့် နေ့ရက်မှ ပြက္ခဒိန်ရက် **ခုနစ်ရက်** အတွင်း ဆုံးဖြတ်ချက် အစည်းအဝေး လုပ်ဆောင်ရမည်။ ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်ကို လက်ခံရရှိပြီး ပြက္ခဒိန်ရက် **၁၅** ရက်အတွင်း နှစ်ဖက်စလုံး၏ စိတ်ကျေနပ်မှု ရရှိအောင် ပြဿနာကို မဖြေရှင်းခဲ့ပါက ကြားနာမှုကို ဆက်လက်လုပ်ဆောင်နိုင်သည်။

သင် သို့မဟုတ် ကျောင်းခရိုင်က စည်းကမ်းထိန်းသိမ်းရေး မဟုတ်သော အထူးပညာရေး ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုများတွင် ဆုံးဖြတ်ချက်ကို ခုခံပြောဆိုသဖြင့် အလားတူနည်းဖြင့် သွက်လက်မြန်ဆန်သော ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှုဖြင့် ဆုံးဖြတ်ချက်ကို ခုခံလျက် တရားမရေးရာ ဆောင်ရွက်ချက်ကို စတင်ဆောင်ရွက်နိုင်သည်။ (အထက်ပါ *နောက်ဆုံး ဆုံးဖြတ်ချက်၊ အယူခံများ* ကို ကြည့်ပါ)

# ထိုက်သင့်သည့် လုပ်ငန်းစဉ် သွက်လက်မြန်ဆန်သော ကြားနာမှုများအတွင်း နေရာချထားမှု

## 34 CFR §300.533; WAC 392-172A-05165

သင်နှင့် ခရိုင်တို့က မတူညီသည့် အစီအစဉ်ကို လက်မခံပါက သင် သို့မဟုတ် ခရိုင်က စည်းကမ်းထိန်းသိမ်းရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ထိုက်သင့်သည့် လုပ်ငန်းစဉ် ကြားနာမှု တောင်းဆိုချက်ကို တင်သွင်းသည့်အခါ မည်သည့်အရာက အရင်ဖြစ်သည်ဖြစ်စေ ကြားနာရေး အရာရှိ၏ ဆုံးဖြတ်ချက်ကို ဆိုင်းငံ့လျက် ကြားကာလ အခြားပညာရေးနောက်ခံတွင် သင့်ကလေး ဆက်ရှိရမည် သို့မဟုတ် ခေါင်းစဉ် *ကျောင်းအမှုထမ်း အခွင့်အာဏာ* အရ ဖော်ပြထားသည့် ဖယ်ရှားမှု အချိန်ကာလ သက်တမ်းကုန်ဆုံးသည်အထိ ဆက်ရှိနေရမည်။

# အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများအတွက် အရည်အချင်း မပြည့်မီသေးသော ကျောင်းသားများအတွက် အကာအကွယ်ပေးမှုများ

## 34 CFR §300.534; WAC 392-172A-05170

### အထွေထွေ

အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများအတွက် အရည်အချင်း ပြည့်မီကြောင်းနှင့် ကျောင်းသား စီမံခန့်ခွဲမှု စည်းကမ်း ချိုးဖောက်ခြင်း သင့်ကလေးကို မဆုံးဖြတ်ရသေးပါက ဖြစ်ပွားခဲ့သည့် စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်ခြင်း အကြောင်း ယူဆောင်လာသည့် အပြုအမူ မတိုင်မီ အထူးပညာရေး ဝန်ဆောင်မှုများအတွက် အရည်အချင်း ပြည့်မီမှု သင့်ကလေးကို အကဲဖြတ်၍ ဆုံးဖြတ်ခဲ့သင့်ကြောင်း ခရိုင်က အသိရှိသည်ဟု စိစစ်တွက်ချက်ပါက သင်က သင့်ကလေး၏ လုပ်ထုံးလုပ်နည်းဆိုင်ရာ အကာအကွယ်ပေးမှုများကို အခိုင်အမာ ပြောဆိုနိုင်သည်။

### စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များအတွက် ဗဟုသုတ အခြေခံ

ဖြစ်ပွားခဲ့သည့် စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်ခြင်း အကြောင်း ယူဆောင်လာသည့် အပြုအမူ မတိုင်မီ သင့်ကလေးသည် အထူးပညာရေးအတွက် အရည်အချင်း ပြည့်မီကြောင်း ခရိုင်က အသိရှိသည်ဟု ယူဆရမည်။

1. ကျောင်းခရိုင်၏ ကြီးကြပ်ရေး သို့မဟုတ် အုပ်ချုပ်ရေး အမှုထမ်း သို့မဟုတ် သင့်ကလေး၏ ဆရာထံ သင့်ကလေးသည် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှု လိုအပ်ကြောင်း သင်က စာဖြင့်ရေးသား၍ ဖော်ပြခဲ့သည်။
2. IDEA အပိုင်းခအရ အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများအတွက် အရည်အချင်း ပြည့်မီမှုနှင့် ပတ်သက်၍ အကဲဖြတ်စစ်ဆေးချက်ကို သင်က တောင်းဆိုခဲ့သည်။ သို့မဟုတ်
3. အထူးပညာရေး၏ ခရိုင်ဒါရိုက်တာထံ သို့မဟုတ် ခရိုင်၏ အခြားကြီးကြပ်ရေး အမှုထမ်းထံ တိုက်ရိုက် သင့်ကလေးက ထုတ်ဖော်ပြသခဲ့သော အပြုအမူ ပုံစံအကြောင်း စိုးရိမ်စရာကို သင့်ကလေး၏ ဆရာ သို့မဟုတ် အခြားခရိုင် အမှုထမ်းက ဖော်ပြခဲ့သည်။

## ခြွင်းချက်

ခရိုင်က အောက်ပါတို့ဖြစ်လျှင် အဆိုပါအသိရှိသည်ဟု ယူဆမည် မဟုတ်ပါ။

1. သင်သည် သင့်ကလေး၏ အကဲဖြတ်စစ်ဆေးမှုကို ခွင့်မပြုခဲ့ပါ သို့မဟုတ် သင်သည် အထူးပညာရေး ဝန်ဆောင်မှုများကို ငြင်းပယ်ခဲ့သည်။ သို့မဟုတ်
2. အထူးပညာရေး ဝန်ဆောင်မှုများအတွက် အရည်အချင်း ပြည့်မီခြင်းမရှိဟု သင့်ကလေးကို စိစစ်တွက်ချက် ဆုံးဖြတ်ခဲ့သည်။

## ဗဟုသုတ အခြေခံ မရှိပါက ကျင့်သုံးသော သတ်မှတ်ချက်များ

ခေါင်းစဉ်ခွဲများ *စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များအတွက် ဗဟုသုတ အခြေခံ* နှင့် *ခြွင်းချက်* အရ အထက်တွင် ဖော်ပြထားသည့်အတိုင်း သင့်ကလေးအပေါ် စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်ချက်များ မပြုလုပ်ခင် သင့်ကလေးသည် အထူးပညာရေးအတွက် အရည်အချင်း ပြည့်မီသည်ဟု ခရိုင်က မသိရှိထားပါက သင့်ကလေးသည် အလားတူ အပြုအမူ အမျိုးအစားများ ဆောင်ရွက်သည့် အထူးပညာရေး ဝန်ဆောင်မှုများကို မရရှိသော ကျောင်းသားများအတွက် ကျင့်သုံးသော စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်ချက်များအတိုင်း ခံရနိုင်ပါသည်။

သို့သော် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်ချက်များအတိုင်း ခံရနိုင်သော အချိန်ကာလအတွင်း သင့်ကလေး၏ အကဲဖြတ်စစ်ဆေးမှုကို သင် သို့မဟုတ် ခရိုင်က တောင်းဆိုပါက အကဲဖြတ်စစ်ဆေးမှုကို သွက်လန်မြန်ဆန်သော ပုံစံဖြင့် ဆောင်ရွက်ရမည်။

အကဲဖြတ်စစ်ဆေးမှု ပြီးမြောက်သည်အထိ ပညာရေး ဝန်ဆောင်မှုများ မပါဘဲ ဆိုင်းငံ့ခြင်း သို့မဟုတ် ထုတ်ပယ်ခြင်း ပါဝင်နိုင်သော ကျောင်းအာဏာပိုင်များက ဆုံးဖြတ်သည့် ပညာရေးဆိုင်ရာ နေရာချထားမှုတွင် သင့်ကလေးက ဆက်ရှိနေပါမည်။

ခရိုင်က စီမံဆောင်ရွက်သော အကဲဖြတ်စစ်ဆေးခြင်းမှ အချက်အလက်များနှင့် သင်ပေးသော အချက်အလက်များကို ထည့်သွင်းစဉ်းစားလျက် သင့်ကလေးသည် အထူးပညာရေး ဝန်ဆောင်မှုများအတွက် အရည်အချင်း ပြည့်မီသည်ဟု ဆုံးဖြတ်ပါက ခရိုင်က သင့်ကလေးအတွက် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများကို ပံ့ပိုးပေးရမည်ဖြစ်ပြီး အထက်တွင် ဖော်ပြထားသည့် စည်းကမ်းထိန်းသိမ်းရေး သတ်မှတ်ချက်များကို လိုက်နာရပါမည်။

# ဥပဒေ အတည်ပြုသက်ရောက်မှုနှင့် တရားစီရင်ပိုင်ခွင့်ရှိသည့် အာဏာပိုင်များထံ လွှဲပြောင်းမှုနှင့် အရေးယူဆောင်ရွက်မှု

## 34 CFR §300.535; WAC 392-172A-05175

IDEA အပိုင်းခသည် အောက်ပါတို့ကို မပြုလုပ်ပါ။

1. သင့်လျော်ရာ အာဏာပိုင်များထံ အထူးပညာရေးအတွက် အရည်အချင်း ပြည့်မီသော သင့်ကလေးက ကျူးလွန်သည့် ပြစ်မှုကို ကျောင်းခရိုင်က မတိုင်ကြားအောင် မတားမြစ်ပါ။

2. သင့်ကလေးက ကျူးလွန်ခဲ့သော ပြစ်မှုများအတွက် ဗဟိုအစိုးရနှင့် ပြည်နယ်ဥပဒေ လျှောက်ထားမှုနှင့် စပ်လျဉ်း၍ ၎င်းတို့၏ တာဝန်ဝတ္တရားများကို မကျင့်သုံးအောင် ပြည်နယ်ဥပဒေ အတည်ပြုသက်ရောက်မှုနှင့် တရားရေးရာ အာဏာပိုင်များကို မတားဆီးထားပါ။

## မှတ်တမ်းများ ပေးပို့မှု

ခရိုင်က သင့်ကလေး ကျူးလွန်သော ပြစ်မှုကို တိုင်ကြားပါက ခရိုင်သည် -

1. အေဂျင်စီက ပြစ်မှုကို တိုင်ကြားသူထံ အာဏာပိုင်များက ထည့်သွင်းစဉ်းစားခြင်းအတွက် သင့်ကလေး၏ အထူးပညာရေးနှင့် စည်းကမ်းထိန်းသိမ်းရေး မှတ်တမ်းမိတ္တူများကို ပေးပို့ထားရမည်။
2. FERPA က ခွင့်ပြုထားသည့် အတိုင်းအတာအထိသာ သင့်ကလေး၏ အထူးပညာရေးနှင့် စည်းကမ်းထိန်းသိမ်းရေး မှတ်တမ်းမိတ္တူများကို ပေးပို့နိုင်သည်။

# FAPE သည် အရေးကိစ္စဖြစ်သည့်အခါ အများပြည်သူ ကုန်ကျစရိတ်ဖြင့် ပုဂ္ဂလိကကျောင်းများရှိ ကျောင်းသား မိဘများ၏ တစ်ဖက်သတ် နေရာချထားမှု သတ်မှတ်ချက်များ

## CFR § 300.148; WAC 392-172A-04115

သင်၏ကျောင်းခရိုင်က သင့်ကလေးအတွက် FAPE ကို မပံ့ပိုးနိုင်ဘဲ ခရိုင်၏ သဘောတူညီချက်မရှိဘဲ သင်က သင့်ကလေးအတွက် ပုဂ္ဂလိကကျောင်းတွင် စာရင်းသွင်းရန် ရွေးချယ်ပါက ပုဂ္ဂလိကကျောင်းအတါက် ခရိုင်မှ ငွေပြန်ထုတ်ပေးမှု တောင်းဆိုရန် သင်လိုက်နာရမည့် အဆင့်များ ရှိပါသည်။

## ပုဂ္ဂလိကကျောင်း နေရာချထားမှုအတွက် ပြန်ပေးငွေ

ကျောင်းခရိုင်က အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများကို ယခင်က သင့်ကလေး လက်ခံရရှိခဲ့ပြီး ခရိုင်၏ သဘောတူညီချက် သို့မဟုတ် လွှဲပြောင်းမှု မရှိဘဲ သင်သည် သင့်ကလေးကို ပုဂ္ဂလိက မူကြိုကျောင်း၊ မူလတန်းကျောင်း သို့မဟုတ် အလယ်တန်းကျောင်းတွင် စာရင်းသွင်းရန် ရွေးချယ်ပါက စာရင်းသွင်းမှုနှင့် ပုဂ္ဂလိက နေရာချထားမှုသည် မသင့်လျော်မီ အချိန်မီ သင့်ကလေးအတွက် ရရှိနိုင်သော FAPE ကို ကျောင်းခရိုင်က မလုပ်ဆောင်ခဲ့ကြောင်း တရားရုံး သို့မဟုတ် ALJ က တွေ့ရှိပါက တရားရုံး သို့မဟုတ် ALJ က အဆိုပါ စာရင်းသွင်းမှု ကုန်ကျစရိတ်အတွက် သင့်ကို ငွေပြန်ထုတ်ပေးရန် ခရိုင်ကို လိုအပ်နိုင်ပါသည်။ နေရာချထားမှုသည် ခရိုင်က ပံ့ပိုးသည့် ပညာရေးအတွက် ကျင့်သုံးသော ပြည်နယ်စံနှုန်းများနှင့် မကိုက်ညီပင်လျှင် သင်၏နေရာချထားမှု သင့်လျော်သည်ဟု တရားရုံး သို့မဟုတ် ALJ က တွေ့ရှိနိုင်သည်။

## ပြန်ပေးငွေအပေါ် ကန့်သတ်ချက်

အထက်စာပိုဒ်တွင် ဖော်ပြထားသည့်အတိုင်း ငွေပြန်ထုတ်ပေးမှု ကုန်ကျစရိတ်ကို အောက်ပါတို့ဖြစ်လျှင် လျှော့ချခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုလုပ်နိုင်သည်။

1. (က) သင်၏စိုးရိမ်မှုနှင့် အများပြည်သူ ကုန်ကျစရိတ်ဖြင့် ပုဂ္ဂလိကကျောင်းတွင် သင့်ကလေးကို စာရင်းသွင်းရန် သင်၏ရည်ရွယ်ချက်ကို ဖော်ပြခြင်း အပါအဝင် သင်သည် အများပြည်သူကျောင်းမှ သင့်ကလေး၏ ဖယ်ရှားမှုမတိုင်မီ

တက်ရောက်ခဲ့သည့် နောက်ဆုံး IEP အစည်းအဝေး၌ သင့်ကလေးအတွက် FAPE ကို ပံ့ပိုးရန် ခရိုင်က အဆိုပြုခဲ့သော နေရာချထားမှုကို သင်က ပယ်ချခဲ့ကြောင်း သင်က IEP အဖွဲ့ကို အကြောင်းမကြားခဲ့ပါ။ သို့မဟုတ် (ခ) အများပြည်သူကျောင်းမှ သင့်ကလေး ဖယ်ရှားခြင်း မတိုင်မီ အနည်းဆုံး ရုံးဖွင့်ရက် ၁၀ ရက် (ရုံးဖွင့်ရက်တွင် ဖြစ်သည့် အားလပ်ရက်များ အပါအဝင်) သင်သည် အဆိုပါ အချက်အလက်ကို ခရိုင်ထံ အကြောင်းကြားစာ မပေးခဲ့ပါ။

2. အများပြည်သူကျောင်းမှ သင့်ကလေးကို မဖယ်ရှားမီ သင့်ကလေးကို အကဲဖြတ်ရန် ၎င်း၏ ရည်ရွယ်ချက်ကို ခရိုင်က သင့်ထံ ကြိုတင်ရေးသားထားသော အကြောင်းကြားစာကို ပေးခဲ့သော်လည်း (သင့်လျော်၍ ကျိုးကြောင်းဆီလျော်သော အကဲဖြတ်စစ်ဆေးမှု၏ ရည်ရွယ်ချက်အား ထုတ်ပြန်ချက် အပါအဝင်) သင့်ကလေး အကဲဖြတ်စစ်ဆေးခြင်း မရရှိနိုင်အောင် သင်က လုပ်ဆောင်ခဲ့ပါက သို့မဟုတ်
3. သင်၏လုပ်ဆောင်ချက်များသည် အကျိုးအကြောင်း မသင့်ခဲ့ကြောင်း တရားရုံး၏ တွေ့ရှိချက်အပေါ်

သို့သော် ငွေပြန်ထုတ်ပေးမှု ကုန်ကျစရိတ်သည် -

1. အောက်ပါတို့ဖြစ်လျှင် အကြောင်းကြားစာ ပေးရန် ပျက်ကွက်ခြင်း၍ လျှော့ချခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုလုပ်၍မရပါ။ (က) အကြောင်းကြားစာ သင့်ကို မပေးနိုင်အောင် ကျောင်းက တားမြစ်ခဲ့ပါက သို့မဟုတ် အထက်တွင် ဖော်ပြခဲ့သည့် အကြောင်းကြားစာပေးရန် သင်၏ တာဝန်ဝတ္တရား အကြောင်းကြားမှုကို သင်မရရှိခဲ့ပါက နှင့်
2. အောက်ပါတို့ဖြစ်လျှင် တရားရုံး သို့မဟုတ် ALJ ၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ဖြင့် လိုအပ်သည့် အကြောင်းကြားစာ ပံ့ပိုးရန် သင်၏ပျက်ကွက်မှုအတွက် လျှော့ချခြင်း သို့မဟုတ် ငြင်းပယ်ခြင်း မပြုလုပ်နိုင်ပါ။ (က) သင်သည် အင်္ဂလိပ်စာမတတ်ပါ သို့မဟုတ် မရေးနိုင်ပါ သို့မဟုတ် (ခ) သင့်ကလေးအတွက် ပြင်းထန်သည့် စိတ်ခံစားချက်ဆိုင်ရာ အန္တရာယ် ဖြစ်စေနိုင်ဖွယ်ရှိမည့် အထက်ပါ သတ်မှတ်ချက်ကို လိုက်နာခြင်း

# ရင်းမြစ်များ

သင့်တွင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများနှင့် ပတ်သက်၍ မေးစရာများရှိပါက ထပ်ဆောင်း အချက်အလက်များအတွက် သင်၏ကျောင်းခရိုင် သို့မဟုတ် OSPI ထံ ဆက်သွယ်ပါ။

OSPI
PO Box 47200
Olympia, WA 98504
360-725-6075
speced@k12.wa.us
OSPI - အထူးပညာရေး ဝဘ်စာမျက်နှာ

OSPI - အထူးပညာရေး - မိသားစုများ ဝဘ်စာမျက်နှာ

အောက်ပါ လူသိရှင်ကြား ငွေကြေးထောက်ပံ့သော အဖွဲ့အစည်းထံ ဝါရှင်တန် ပြည်နယ်ရှိ အထူးပညာရေး ဝန်ဆောင်မှုများအကြောင်း ထပ်ဆောင်း အချက်အလက်များကို ပံ့ပိုးနိုင်သည်။

Partnerships for Action Voices for Empowerment (PAVE)
6316 South 12th Street
Tacoma, WA 98465
(800) 5-PARENT (v/tty)
အီးမေးလ် - pave@wapave.org

ဝဘ်ဆိုက် - စွမ်းအင်မြှင့်တင်ရေးအတွက် လှုပ်ရှားမှုအသံများ မိတ်ဖက်မှု (Pave)

# ဥပဒေရေးရာ အကြောင်းကြားစာ

မှတ်သားထားသည့်အတိုင်းမှတစ်ပါး လူထုညွှန်ကြားမှု ကြီးကြပ်ရေး ဝါရှင်တန်ရုံး ၏ ဤအလုပ်ကိုတီထွင်ဖန်တီးသော ယေဘုယျ ယူဆချက် လိုင်စင် အရ လိုင်စင်ထုတ်ပေးပါသည်။ လိုဂိုများနှင့် တံဆိပ်များအားလုံးသည် ၎င်းတို့၏ သက်ဆိုင်ရာ ပိုင်ရှင်များ၏ ပိုင်ဆိုင်မှုများ ဖြစ်ကြသည်။ မျှတစွာ အသုံးပြုမှု မူဝါဒအရ အသုံးပြုသော ပုဒ်မများ (17 U.S.C. § 107) ကို အမှတ်အသား ပြုလုပ်ထားပါသည်။

မတူညီသော အသုံးပြုသူ ခွင့်ပြုချက် အဆင့်များရှိသည့် အခြားပစ္စည်း လိုင်စင်များကို ပစ္စည်းများပါ အကြောင်းအရာဘေးတွင် ရှင်းလင်းစွာ ဖော်ပြထားပါသည်။

ဤရင်းမြစ်တွင် တတိယအဖွဲ့များက ဆောင်ရွက်သည့် ဝဘ်ဆိုက်သို့ လင့်ခ်များတွင် ပါဝင်နိုင်သည်။ သင်၏အဆင်ပြေစေမှုအတွက်သာ အဆိုပါလင့်ခ်များကို ပေးထားပြီး *OSPI* ၏ ထောက်ခံချက်တစ်ခုခု သို့မဟုတ် စောင့်ကြည့်မှုအတွက် မပါဝင်ပါ သို့မဟုတ် သဘောမသက်ရောက်ပါ။

လူထုညွှန်ကြားမှု ကြီးကြပ်ရေး ဝါရှင်တန်ရုံး လိုဂိုကို ဖယ်ရှားလျက် ဤအလုပ်ကို လိုက်ဖက်အောင်ပြင်ဆင်ပါက ထိရောက်သည့် အပြောင်းအလဲများနှင့် ခေါင်းစီးပြန်တပ်ခြင်းကို မှတ်သားပါ။ အောက်ပါ ယူဆချက်ကို ပံ့ပိုးပါ။

"လူထုညွှန်ကြားမှု ကြီးကြပ်ရေးရုံးက ပံ့ပိုးပေးသည့် မူလအချက်အလက်များမှ ဤရင်းမြစ်ကို လိုက်ဖက်အောင် ပြင်ဆင်ခဲ့သည်။ *OSPI – အထူးပညာရေး* ၌ မူလအချက်အလက်များကို ဝင်ရောက်နိုင်သည်။.

လိင်၊ လူမျိုး၊ အယူဝါဒ၊ ဘာသာရေး၊ အသားအရောင်၊ မူရင်းနိုင်ငံ၊ အသက်၊ စစ်မှုထမ်းဟောင်း သို့မဟုတ် စစ်ရေးအခြေအနေ၊ ကိုယ်ပိုင်ဝိသေသ လက္ခဏာ ဖော်ပြချက် သို့မဟုတ် ကိုယ်ပိုင်လက္ခဏာ အပါအဝင် လိင်စိတ်တိမ်းညွတ်မှု၊ အာရုံခံတစ်ခုခု၊ စိတ်ပိုင်း သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းမှု ရှိခြင်း သို့မဟုတ် လေ့ကျင့်ပေးထားသော ခွေးလမ်းညွှန် အသုံးပြုမှု သို့မဟုတ် မသန်စွမ်းသူ၏ တိရစ္ဆာန်တို့အပေါ် အခြေခံ၍ ခွဲခြားဆက်ဆံမှုမရှိဘဲ အစီအစဉ်များနှင့် ဝန်ဆောင်မှုများအားလုံးကို *OSPI* က တန်းတူညီမျှစွာ ပံ့ပိုးပေးပါသည်။ အခိုင်အမာပြောဆိုသော ခွဲခြားဆက်ဆံမှုနှင့် ပတ်သက်သော မေးမြန်းစရာများနှင့် တိုင်ကြားချက်များကို *Equity and Civil Rights Director* ထံ *360-725-6162* သို့မဟုတ် *P.O. 47200 Olympia, WA 98504-7200* ထံ လိပ်မူနိုင်ပါသည်။

*OSPI – အထူးပညာရေး - လုပ်ထုံးလုပ်နည်းဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများ* ၌ *PDF* ဖြင့် ဒေါင်းလုပ်ဒ်လုပ်ပါ။ ဤအကြောင်းအရာကို တောင်းဆိုပါက အခြားပုံစံဖြင့် ရရှိနိုင်ပါသည်။ *888-595-3276, TTY 360-664-3631* ဖြင့် ရင်းမြစ်စင်တာ၌ ဆက်သွယ်ပါ။ ပိုမိုလျှင်မြန်သော ဝန်ဆောင်မှုအတွက် ဤစာရွက်စာတမ်း နံပါတ် - *22-0005* သို့ လွှဲပြောင်းပါ။

ESTD
1889

ကျောင်းသားများအားလုံး ဒုတိယအဆင့် နောက်ပိုင်း
လမ်းကြောင်း၊ အသက်မွေးအလုပ်အကိုင်များနှင့် မြို့ပြဆိုင်ရာ
ချိတ်ဆက်ဆောင်ရွက်မှုအတွက် ပြင်ဆင်ခဲ့သည်။

Washington Office of Superintendent of
**PUBLIC INSTRUCTION**

**Chris Reykdal** | ပြည်နယ် ကြီးကြပ်ရေး

Office of Superintendent of Public Instruction
Old Capitol Building | P.O. Box 47200
Olympia, WA 98504-7200